# ၂၀၁၂ ခုနှစ်
# ပြည်ထောင်စုလွှတ်တော်
# ဥပဒေများ

## မာတိကာ


| | | |
|---|---|---|
| ၁။ | အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ | ၁ |
| ၂။ | မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၂ |
| ၃။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၄ |
| ၄။ | ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၈ |
| ၅။ | ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၄ |
| ၆။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၅ |
| ၇။ | အလုပ်သမား အဖွဲ့အစည်း ဥပဒေ | ၁၈ |
| ၈။ | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၃၄ |
| ၉။ | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၃၆ |
| ၁၀။ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၃၈ |
| ၁၁။ | နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၄၀ |
| ၁၂။ | ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့် နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ | ၄၁ |
| ၁၃။ | အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေ | ၄၂ |
| ၁၄။ | ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် ဥပဒေ | ၅၈ |
| ၁၅။ | ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ | ၇၁ |


ဖတ်လိုသည့်စာမျက်နှာ အမှတ်ကို Click လုပ်ပါက တိုက်ရိုက်ရောက်ပါမည်။

# အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) အမြတ်ခွန်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက်မှ စ၍ အာဏာတည်စေရမည်။

၃။ (က) ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက်မှစ၍ အမြတ်ခွန် ဥပဒေအရ စည်းကြပ်ရန်ကိစ္စရပ်များကို ဝင်ငွေခွန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အခွန်ထမ်းက အမြတ်ခွန်ဥပဒေပုဒ်မ ၁၂ အရ ပေးသွင်းထားသော အခွန်ကို ခုနှိမ်ပေးရမည်။

၄။ ၂၀၁၀-၂၀၁၁ စည်းကြပ်နှစ်မတိုင်မီက အမြတ်ခွန်ဥပဒေအရ စည်းကြပ်ရန်ကိစ္စရပ်များနှင့် ဆောင်ရွက်ဆဲကိစ္စရပ်များကို အမြတ်ခွန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅။ အမြတ်ခွန်ဥပဒေပုဒ်မ ၁၉ အရ ခွင့်ပြုသည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် ဝင်ငွေခွန် ဥပဒေအရ ခွင့်ပြုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအဖြစ် ဆက်လက်အကျိုးသက်ရောက်စေရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပါရှိသော "President of the Republic of the Union of Myanmar may" ဆိုသည့် စကားရပ်ကို "Ministry of Finance and Revenue of the Union Government may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၉) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(9) Collector includes any Revenue Officer and any officer delegated by the Director General of the Internal Revenue Department;"

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (က) ၏နောက်၌ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(b) amend or *enhance* all or any of the amounts or values, description of instruments and proper stamp duties mentioned in this Act including Schedule 1 annexed thereto, and"

(ခ) ပုဒ်မခွဲ (ခ) ကို မုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ် ရမည်။

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၂၀ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"20. Where an instrument is chargeable with *ad valorem* duty in respect of any money expressed in any currency other than that of the Republic of the Union of Myanmar, such duty shall be payable in that foreign currency at the rate of one per centum on such amount or value instead of any proper stamp duty mentioned in schedule 1 annexed in this Act."

၆။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၄၉ တွင် ပါရှိသော "by the President of the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ကို "by the Ministry of Finance and Revenue of the

Union Government, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"70. (1) No Prosecution in respect of any offence punishable under this Act shall be instituted without the prior sanction of the Ministry of Finance and Revenue of the Union Government."

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်အတွက်မှစ၍ အကျိုး သက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင်ပါရှိသော "ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး ဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ဃ) ၌ ပါရှိသော "ပြည်ထောင်စုအစိုးရက" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၆ အရ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရောင်းရငွေဆိုသည်မှာ ကုန်စည်ကို လက်ငင်း ဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့ဝနစ်ဖြင့် ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုသည်။ ကုန်စည်ချင်း လဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ပြုလုပ်ရာတွင် သတ်မှတ်သည့်တန်ဖိုးကို ဆိုသည်။ ယင်း စကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုပ်ပိုးသော ပစ္စည်းတန်ဖိုးလည်း ပါဝင်သည်။"

(ဂ) ပုဒ်မခွဲ (တ) ၏နောက်၌ ပုဒ်မခွဲ (ထ) အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

"(ထ) မြို့နယ် အခွန်ဦးစီးဌာနမှူးဆိုသည်မှာ ဤဥပဒေ အရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၌ အခွန်စည်းကြပ် ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီး အရာရှိများလည်း ပါဝင်သည်။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၇ တွင် ပါရှိသော "ဝန်ဆောင်မှု ရငွေ" ဆိုသည့် စကားရပ်ကို "ဆောင်ရွက်သည့် ဝန်ဆောင်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ တွင် -

(က) "ပြည်ထောင်စုအစိုးရသည်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ၌ ပါရှိသော "စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်အထိ" ဆိုသည့် စကားရပ်ကို "စီးပွားဖြစ် စတင်သောနေ့မှ တစ်ဆက်တည်း ၃၆ လအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့တွင် ပါရှိသော "အခွန်ကျသင့်သော" ဆိုသည့် စကားရပ်အသီးသီး ကို ပယ်ဖျက်ရမည်။

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၄ တွင် -

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) အခွန်ထမ်းတင်ပြသော စာရင်းအထောက်အထား များမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေကို မှန်ကန်စွာ မရရှိနိုင်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး သည် လိုအပ်သော အခြား သက်သေခံ အထောက် အထားများကို စိစစ်ပြီး အခွန်စည်းကြပ်ရမည်။"

(ခ) ပုဒ်မခွဲ (ဂ) ၏နောက်၌ ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

"(ဃ) အခွန်ထမ်းက နှစ်ချုပ်ကြေညာလွှာပေးပို့ရန်၊ စာရင်းအထောက်အထား တင်ပြရန် သို့မဟုတ် လာရောက်အစစ်အဆေးခံရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အခွန် ကို ခန့်မှန်းစည်းကြပ်နိုင်သည်။ အခွန်မစည်းကြပ်မီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သည့် သတင်းအချက်အလက်များ တောင်းယူခြင်းကို ပြုလုပ်နိုင်သည်။"

၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပြည်ပသို့ အပြီးအပိုင်ထွက်ခွာသွားမည့်သူ၊

(ခ) လုပ်ငန်းရပ်စဲသူ၊

(ဂ) ဖျော်ဖြေမှုကျင်းပသူ။"

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၉ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အခွန်ထမ်းက မကျေနပ်လျှင် အောက်ပါသူများထံ အယူခံဝင်နိုင်သည် -

(၁) အခွန် ကျပ်သုံးသောင်းထက် ပိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး ဌာနမှူး၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန် ကျပ်တစ်သိန်းထက်ပိုလျှင် အခွန် အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာပြဿနာနှင့် စပ်လျဉ်းလျှင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊"

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) အခွန်သည် ကျပ်သုံးသောင်းထက်မပိုလျှင် မြို့နယ် အခွန်ဦးစီးဌာနမှူး၏ အမိန့်သည်လည်းကောင်း၊ အခွန်သည် ကျပ် တစ်သိန်းထက်မပိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီး ဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူး၏ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန် သည် ကျပ်တစ်သိန်းအထက်ဖြစ်ပြီး ဥပဒေရေးရာ ပြဿနာ မပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ် ဖြစ်စေရမည်။"

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် -

(က) ပုဒ်မ ၂၁ ၌ပါရှိသော "တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်" ဆိုသည့် စကားရပ်ကို "တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်" ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၁-က ၌ ပါရှိသော - "ပြည်ထောင်စုအစိုးရက" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက" ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ "ကျသင့်အခွန်၏ တစ်ဆယ် ရာခိုင် နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေ နိုင်သည်" ဆိုသည့် စကားရပ်ကို "ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၂ တွင် -

(က) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) ၌ ပါရှိသော "တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ပေးနိုင်သည်" ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော

ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်” ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော “သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ အပြစ်ပေးနိုင်သည်” ဆိုသည့် စကားရပ်ကို “သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ခြင်း ခံရမည်။” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၇ တွင် ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) ကုန်စည်တစ်မျိုးမျိုးကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက်ခြင်းအတွက် နိုင်ငံခြား ငွေရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။”

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) ကို အောက်ပါ အတိုင်း အစားထိုးရမည် -

“(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနသည် ရငွေအမျိုးအစား တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်းအမျိုးအစား တစ်ခုခုအတွက်ဖြစ်စေ ဤဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ တောင်းခံသည့်အခါ တင်ပြ နိုင်ရန် မည်သည့်အချက်အလက်များပါဝင်သည့် စာရင်း များ ထားရှိရမည်ကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ် နိုင်သည်။”

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် -

(က) လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်
နိုင်သည်။”

၁၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ တို့ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

## ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက်မှစ၍ အကျိုး သက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော -

(က) "စည်းကြပ်မှုအဖွဲ့" ဆိုသည့်စကားရပ်ကို "မြို့နယ်အခွန် ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

(ခ) "ပထမအယူခံအဖွဲ့" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီ များဆိုင်ရာအခွန်ရုံး ဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ဂ) "ဒုတိယအယူခံအဖွဲ့" ဆိုသည့်စကားရပ်ကို "အခွန်အယူခံ ခုံအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုး ရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) ပုဂ္ဂိုလ်စု ဆိုသည်တွင် အစုစပ်လုပ်ငန်း၊ ဖက်စပ် လုပ်ကိုင် သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်း ပုဂ္ဂိုလ်တို့ စုပေါင်း ထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်း ထားသည့် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါယမအသင်းနှင့် နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ ပါဝင်သည်။"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဒ) ၏ နောက်တွင် ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ (န) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဓ) မြို့နယ်အခွန်ဦးစီးဌာနမှူးဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို စည်းကြပ် ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၌ အခွန် စည်းကြပ် ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီး အရာရှိများလည်း ပါဝင်သည်။

(န) ပျက်ကွက်သူဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(၁) ဤဥပဒေအရ တောင်းခံထားသည့် အခွန်အားလုံး ကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထား သည့် သို့မဟုတ် တိုးမြှင့်သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်သူ၊

(၂) ဤဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း အခွန်ကို ပင်ရင်းမှ နုတ်ယူပေးသွင်းရန် ပျက်ကွက်သူ။"

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်ခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) (ဂဂ) တွင် ပါရှိသော "အခွန်ထမ်း သို့မဟုတ် အိမ်ထောင်ဖက်၏ အသက်အာမခံ" ဆိုသည့် စကားရပ်အစား "အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၇ တွင် ပါရှိသော "ပြည်ထောင်စု အစိုးရ သည်" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၁ ပါ ရှင်းလင်းချက်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"ရှင်းလင်းချက်။ ။ စီးပွားရေးလုပ်ငန်းဆိုသည့်တွင် ငွေချေး သက်သေခံလက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာလက်မှတ်များ အပါအဝင် အတိုးငွေရရန်အတွက် ငွေမြှုပ်နှံခြင်းတို့လည်း ပါဝင်သည်။"

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၏ နောက်တွင် ရှင်းလင်းချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"ရှင်းလင်းချက်။ ။ မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ ငှားရမ်းခြင်းဆိုရာတွင် ကိုယ်ပိုင်မဟုတ်သည့် မြေ သို့မဟုတ် မြေနှင့်အဆောက် အအုံအား ထပ်ဆင့်ငှားရမ်းခြင်းလည်း ပါဝင်သည်။"

၁၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း" ဆိုသည့် စကားရပ်အစား "ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၁၅။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ် ထိုက်သော စုစုပေါင်း ဝင်ငွေ သို့မဟုတ် အခြေ ပစ္စည်းမှ မြတ်စွန်းငွေရှိလျှင် ထိုသို့ ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန် စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေရှိသည်ဟု ယူဆလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသည့် သတင်းအချက်အလက်များပေါ် အခြေပြုလျက် ဝင်ငွေခွန်ပေးဆောင်ရန် တောင်းခံနိုင်သည်။"

၁၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ တွင် -

(က) ပုဒ်မခွဲ (က) ၌ "သို့ရာတွင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင် ရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (င) ၌ ပါရှိသော "ပြည်ထောင်စုအစိုးရက အမိန့် ကြော်ငြာစာ ထုတ်ပြန်၍" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဆ) ၌ "ယင်းသို့ ပျက်ကွက်သည့်အတွက် ပေးဆောင်ရမည့်ဒဏ်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဇ) ၌ ပါရှိသော "တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်" ဆိုသည့် စကားရပ်ကို "တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၉ နှင့် ပုဒ်မ ၃၂ တို့တွင် ပါရှိသော ရှင်းထင်းချက်များကို ပယ်ဖျက်ရမည်။

၁၄။ ဝင်ငွေခွန်ဥပဒေတွင် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၃ ၏ ရှင်းလင်းချက်၊ ပုဒ်မ ၃၅ ၏ ရှင်းလင်းချက်၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၅၀ တို့တွင် ပါရှိသော "ပြည်ထောင်စု အစိုးရ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအရ ဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ဤဥပဒေအရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၁၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၃၁။ ပြည်ထောင်စုအစိုးရသည် -

(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စ ပါဝင် သော သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုပါက ဤ ဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက် များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ခ) အဆိုပါစာချုပ်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာနိုင်သည်။"

၁၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) နှင့် (ဃ) တို့တွင် ပါရှိသော "အယူခံအဖွဲ့" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၈။ ဝင်ငွေခွန်ဥပဒေတွင် -

(က) ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ငွေကျပ်တစ်ရာ" ဆိုသည့် စကားရပ်ကို "ငွေကျပ်တစ်ထောင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၃-က တွင် ပါရှိသော "ကျပ် ၅၀၀ အထိဖြစ်လျှင်" ဆိုသည့်စကားရပ်ကို "ကျပ်သုံးသောင်းထက် မပိုလျှင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျပ် ၁၀၀၀၀ အထိဖြစ်လျှင်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက် မပိုလျှင်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ကျပ်တစ်သောင်း အထိ" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်း ထက်မပိုသော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၄ တို့တွင် ပါရှိသော "ပြည်ထောင်စုအစိုးရက တာဝန်လွှဲအပ်သော အဖွဲ့များသည်" ဆိုသည့် စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး ဌာနမှူးတို့သည်လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းသော အဖွဲ့နှင့် လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့်အဖွဲ့များသည် လည်းကောင်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၄၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူးနှင့် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့သည်လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းသောအဖွဲ့နှင့် လွှဲအပ် တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်နှင့်အဖွဲ့များသည်လည်းကောင်း ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရာတွင် တရားမ ကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ရရှိစေရမည်။ ထို့ပြင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များအား လုပ်ငန်းဆိုင်ရာ တရားရုံး ဖြစ်သည်ဟု မှတ်ယူရမည်။"

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၅ တွင် -

"(က) စာကိုယ်၌ပါရှိသော "ယင်းအဖွဲ့" ဆိုသည့်စကားရပ်ကို "ယင်းပုဂ္ဂိုလ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါကိစ္စရပ်များကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီး ဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး ဌာနမှူးထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်။ အရေးတကြီး ဆောင်ရွက်ရန် ကိစ္စ ပေါ်ပေါက်ပါက သက်ဆိုင်ရာ မြို့နယ် တရား သူကြီးထံမှ ရှာဖွေဝရမ်းတောင်းခံ၍ ဆောင်ရွက် နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တွေ့ရှိချက် များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီး ဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူးတို့ထံ အမြန်ဆုံး အစီရင်ခံ တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သက်ဆိုင်သော အခွန်ထမ်း သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦး တို့၏ ရှေ့မှောက်တွင်ဖြစ်စေရမည်။”

၂၂။ ဝင်ငွေခွန်ဥပဒေတွင် -

(က) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) ၌ ပါရှိသော “သို့မဟုတ် အယူခံအဖွဲ့သည်” ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (က) ၌ ပါရှိသော “သို့မဟုတ် အယူခံအဖွဲ့က” ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တွင် ပါရှိသော “ပုဒ်မ ၇ အရ ဖွဲ့စည်းထားသောအဖွဲ့” ဆိုသည့် စကားရပ် နှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော “အဖွဲ့” ဆိုသည့်စကားရပ်တို့ကို “မြို့နယ်အခွန်ဦးစီးဌာနမှူးသည်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

“၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်။”

၂၄။ ပင်ငွေခွန်ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနသည် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်းအမျိုးအစားတစ်ခုခုအတွက်ဖြစ်စေ

မည်သည့်အချက်အလက်များ ပါဝင်သည့်စာရင်းပုံစံများ ထားရှိရမည်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ် နိုင်သည်။"

၂၅။ ဝင်ငွေခွန်ဥပဒေထွင်ပါရှိသော "အခန်း (၁၈)၊ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေ အကျိုးသက်ရောက်သည့် စည်းကြပ်နှုန်းများ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၉။ မြို့နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်အနက် ကျပ်ငွေဖြင့် ကောက်ခံရငွေကို ပြည်ထောင်စု အစိုးရအဖွဲ့က မြို့နယ်အလိုက် သတ်မှတ်သော ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

## ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုံးခွန်အက်ဥပဒေပုဒ်မ ၁၅ ၌ ပါရှိသော "Clause (b) or clause (d)" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၂၂ နှင့် ၂၃ တို့ကို လည်းကောင်း ပယ်ဖျက်ရမည်။

၃။ ရုံးခွန်အက်ဥပဒေတွင် ပုဒ်မ ၂၀ မှအပ အခြားပုဒ်မများတွင် ပါရှိသော "President of the Republic of the Union of Myanmar may" ဆိုသည့် စကားရပ်ကို "Ministry of Finance and Revenue of the Union Government may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၀ ၌ ပါရှိသော "President of the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ကို "the Union Government" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ရုံးခွန်အက်ဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"35. The Ministry of Finance and Revenue of the Union Government may, with the approval of the Union Government, by notification:

(a) reduce or remit all or any of the fees mentioned in the First and Second Schedules of this Act.

(b) amend or enhance all or any of the amounts or values, numbers or proper fees mentioned in this Act including those in Schedules annexed thereto."

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် -

(က) ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေး အတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာ တွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး အဖွဲ့ဝင်ငါးဦးကို ခန့်အပ် တာဝန်ပေးအပ် နိုင်သည်။"

(ခ) ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် -

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်။

(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(ဂ) (၁) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရား လွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရား သူကြီးအဖြစ်ဖြစ်စေ၊ အလားတူ ရာထူးတာဝန် တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည် သို့မဟုတ်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ထက် မနိမ့်သော တရားရေး အရာရှိ သို့မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်း ရှိသောပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။

(ဃ) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်ရမည်။

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်
ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။

(စ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာ ရှိသူ ဖြစ်ရမည်။

(ဆ) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

(ဇ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(ဈ) လစာ၊ စရိတ်၊ ကြေးငွေရသော အခြား မည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။”

(ဂ) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်း ကြောင့်ဖြစ်စေ၊ အခြား အကြောင်းတစ်ခုခု ကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတ သည် ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ် တာဝန်ပေးနိုင် သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ရာထူး သက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်စေရမည်။”

(ဃ) ပုဒ်မ ၈ တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ည) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (တ) နှင့် (ခ) တို့အရ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့် အညီ စစ်ဆေးဆောင်ရွက်ခြင်း၊”

(င) ပုဒ်မ ၈ တွင် “ပုဒ်မခွဲ (ည)ကို (ဋ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဋ) ကို (ဌ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဌ) ကို (ဍ) အဖြစ်လည်းကောင်း” ပြောင်းလဲသတ်မှတ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# အလုပ်သမားအဖွဲ့အစည်းဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ နှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန် လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်လည်းကောင်း ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အလုပ်သမားအဖွဲ့အစည်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာ တည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အလုပ်သမား** ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီ အလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အကူ အလုပ်သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့ အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏ လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကို ဆိုသည်။ ယင်း စကားရပ်၌ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင် အဖွဲ့အစည်းဝင်တို့ မပါဝင်။

(ခ) **အလုပ်ရှင်**ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင် အလုပ် အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဦးနှစ်ဖက် သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမား တစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ် များတွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်လည်း အကျုံးဝင်သည်။

(ဂ) **လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ယင်းတို့၏ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်မှုလုပ်ငန်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အခြား အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်း များလည်း ပါဝင်သည်။

(ဃ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုရာတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အများပြည်သူနှင့် သက်ဆိုင် ခြင်းမရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည်။

(င) **အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အောက်ဖော်ပြပါလုပ်ငန်းများကို ဆိုသည် -

(၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊

(၂) ဆိပ်ကမ်းလုပ်ငန်းနှင့် ဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်ငန်း၊

(၃) စာတိုက်၊ ထဲလက်စ် သို့မဟုတ် ဖက်(စ်)လုပ်ငန်း၊

(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာလုပ်ငန်း၊

(၅) အများပြည်သူတို့အတွက် ရေနံ သို့မဟုတ် ရေနံထွက် ပစ္စည်းဖြန့်ဖြူးသည့်လုပ်ငန်း၊

(၆) အညစ်အကြေးသိမ်းဆည်းရေး သို့မဟုတ် ကျန်းမာ သန့်ရှင်းရေးလုပ်ငန်း၊

(၇) အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် လောင်စာစွမ်းအင် ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသည့် လုပ်ငန်း၊

(၈) အများပြည်သူဆိုင်ရာ ငွေကြေးဝန်ဆောင်မှု လုပ်ငန်း၊

(၉) ပြည်ထောင်စုအစိုးရက အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်း။

(စ) **အလုပ်ပိတ်ခြင်း** ဆိုသည်မှာ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍မရနိုင်သည့် အခြေ အနေ၌ အလုပ်ရှင်က လုပ်ငန်းတစ်ခုခု၏ အလုပ်လုပ်သောနေရာကို ယာယီပိတ်ခြင်း၊ အလုပ်ကို ခေတ္တ ရပ်ဆိုင်းထားခြင်း သို့မဟုတ် အလုပ်ခွင်ရှိ အလုပ်သမား များအား ဆက်လက်အလုပ်လုပ်ခွင့်မပြုခြင်းကို ဆိုသည်။

(ဆ) **သပိတ်မှောက်ခြင်း** ဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍ မရနိုင် သည့် အခြေအနေ၌ လူမှုရေး သို့မဟုတ် အလုပ်အကိုင် ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အလုပ်သမားအချို့က ဖြစ်စေ၊ အားလုံးကဖြစ်စေ ဆုံးဖြတ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ အလုပ် လုပ်ကိုင်ရန်ဖြစ်စေ၊ အလုပ် ဆက်လက်လုပ်ကိုင်ရန် ဖြစ်စေ ငြင်းဆန်ခြင်း၊

အလုပ်နှောင့်နှေးစေရန်ပြုလုပ်ခြင်း သို့မဟုတ် အလုပ်သမားအများစု သဘောတူညီမှုဖြင့် ထုတ်လုပ်မှုကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက် ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမားများ၏ အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်တရက် ပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟု ယုတ္တိတန်စွာ ယုံကြည်သည့် အကြောင်းကြောင့် လုပ်ငန်းခွင်မှ ထွက်ခွာသွားနိုင်သော ယင်းတို့၏ အခွင့်အရေးကို ကျင့်သုံးခြင်းမပါဝင်။

(ဇ) **အလုပ်သမားအဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မြို့နယ် အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့တို့ကို ဆိုသည်။

(ဈ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ အလုပ်သမား အဖွဲ့အစည်းအသီးသီး၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ည) **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့** ဆိုသည်မှာ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေအရ ဖွဲ့စည်းသော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ကို ဆိုသည်။

(ဋ) **ရန်ပုံငွေ** ဆိုသည်မှာ အလုပ်သမားအဖွဲ့အစည်းတစ်ခုတွင် ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)

## အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

၃။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုရှိ အလုပ်လုပ်ရန် ပြဌာန်းထားသော တည်ဆဲဥပဒေအသီးသီးရှိ သတ်မှတ်ထားသော အသက်အရွယ်ရှိသည့် အလုပ်သမားတိုင်းသည် -

(က) ယင်းတို့၏ဆန္ဒအလျောက် အလုပ်သမားအဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်နှင့် အလုပ်သမားအဖွဲ့အစည်းမှ နုတ်ထွက်ခွင့်ရှိသည်။

(ခ) မိမိတို့နှင့်သက်ဆိုင်သည့်လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် ဖွဲ့စည်းထားသည့် အလုပ်သမား အဖွဲ့အစည်းတစ်ခုတည်းတွင်သာ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် ရှိသည်။

၄။ အလုပ်သမားများနှင့် အလုပ်ရှင်များ၏အကျိုးကို ဆောင်ရွက် နိုင်ရန်အလို့ငှာ အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် -

(က) (၁) အခြေခံအလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာလုပ်ငန်းတွင် အလုပ် လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံးဦးရေ ၃၀ ဖြင့် ဖွဲ့စည်းနိုင် သည်။ အလုပ်သမားဦးရေ ၃၀ အောက်ရှိသော လုပ်ငန်း သို့မဟုတ်

လုပ်ဆောင်မှုဖြစ်ပါက လုပ်ငန်း သဘောသဘာဝတူညီသော အခြားလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်း နိုင်သည်။

(၂) ယင်းသို့ဖွဲ့စည်းရာတွင် သတ်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုရှိ စုစုပေါင်း အလုပ်သမား များ၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသူများက ထောက်ခံရမည်။

(ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာ မြို့နယ် အတွင်းရှိ အခြေခံအလုပ်သမားအဖွဲ့အစည်း စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမား အဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမား အဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် ထုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အလုပ်သမား အဖွဲ့အစည်းစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(ဃ) အလုပ်သမားအဖွဲ့ချုပ်ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း အောက်မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(င) မြန်မာနိုင်ငံထုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ချုပ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့ချုပ် များက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

၅။ အလုပ်သမားအဖွဲ့အစည်းများသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင် တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွထ် ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၆။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်များသည် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ သို့မဟုတ် အခြားအလုပ်သမားအဖွဲ့ချုပ်များနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် လည်းကောင်း၊ ပြည်ပနိုင်ငံတစ်ခုခု၏ အလုပ်သမားအဖွဲ့ချုပ်များနှင့် လည်းကောင်း အပြန်အလှန် ဆက်သွယ် ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်များနှင့်လည်း ပေါင်းစည်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၇။ (က) အခြေခံအလုပ်သမားအဖွဲ့အစည်းများ၏ အလုပ် အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး ငါးဦးနှင့်အထက် “မ” ဂဏန်းအရေအတွက်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

(ခ) မြို့နယ်အထုပ်ယမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့ချုပ်တို့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၅ ဦးအထိရှိသော “မ” ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၅ ဦး အထိရှိသော "မ" ဂဏန်း အရေအတွက် ဖြင့် ဖွဲ့စည်းရမည်။

၈။ အလုပ်ရှင်များသည် အလုပ်ရှင်အဖွဲ့အစည်းများကို ဤဥပဒေ အရ အပြိုင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၃)

## မှတ်ပုံတင်ခြင်း

၉။ (က) မှတ်ပုံတင်အရာရှိချုပ်သည် နိုင်ငံတော်သမ္မတက တာဝန် ပေးအပ်သူဖြစ်ရမည်။

(ခ) မြို့နယ်မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အရာရှိချုပ်က တာဝန်ပေးအပ်သူဖြစ်ရမည်။

၁၀။ သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသည် မိမိအဖွဲ့အစည်းနှင့် လိုက်လျောညီထွေဖြစ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင် စေဘဲ အောက်ပါအချက်များဝါဝင်သည့် အလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို အဖွဲ့အစည်းဝင်အများစု၏ သဘောတူညီချက် ဖြင့် ရေးဆွဲရမည် -

(က) အလုပ်သမားအဖွဲ့အစည်းအမည်၊

(ခ) အလုပ်သမားအဖွဲ့အစည်းထူထောင်ခြင်း၏ ရည်ရွယ်ချက်၊

(ဂ) အလုပ်သမားအဖွဲ့အစည်းဝင်အဖြစ် စိစစ်ခြင်း၊ ဝင်ခွင့်ပြု ခြင်း၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် အလုပ်သမားအဖွဲ့အစည်းဝင်အဖြစ်မှ နုတ်ထွက်ခြင်း ဆိုင်ရာကိစ္စရပ်များ၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးခြင်း၊ တာဝန်မှဖယ်ရှားခြင်းနှင့် နုတ်ထွက်ခြင်းဆိုင်ရာကိစ္စ ရပ်များ၊

(င) အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(စ) ရန်ပုံငွေထူထောင်ခြင်း၊ ယင်းရန်ပုံငွေအား ထိန်းသိမ်းခြင်း နှင့် သုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဆ) ရန်ပုံငွေကို လစဉ်စစ်ဆေးခြင်းနှင့် နှစ်စဉ်စစ်ဆေးခြင်း ဆိုင်ရာကိစ္စရပ်များ။

၁၁။ (က) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်တို့မှအပ အလုပ်သမား အဖွဲ့အစည်း တစ်ခုခု၏အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ မြို့နယ် မှတ်ပုံတင်အရာရှိထံ မိမိအဖွဲ့အစည်း၏ ဖွဲ့စည်းပုံ စည်းမျဉ်းများကိုပူးတွဲလျက် သတ်မှတ်ချက်နှင့်အညီ တင်ပြပြီး လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစား အလိုက် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင် ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ရာတွင် အခြေခံအလုပ်သမား အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းတည်ထောင်သည့် အဖွဲ့ဝင်များက လည်းကောင်း၊

မြို့နယ်အလုပ်သမားအဖွဲ့အစည်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းတို့ဖြစ်ပါက သက်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များက လည်းကောင်း သက်ဆိုင်ရာဖွဲ့စည်းပုံစည်းမျဉ်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့်ပုံစံ ပူးတွဲ ပါရှိရမည်။

၁၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမား အဖွဲ့ချုပ်တစ်ခုခု၏ အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်အရာရှိချုပ် ထံ မိမိအလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းကို သတ်မှတ်ချက် နှင့်အညီ တင်ပြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် အလုပ်သမား အဖွဲ့ချုပ်အဖြစ် မှတ်ပုံတင်ရမည်။ ယင်းသို့မှတ်ပုံတင်ရာတွင် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဖွဲ့စည်းပုံ စည်းမျဉ်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့်ပုံစံ ပူးတွဲပါရှိ ရမည်။

## အခန်း (၄)

## အလုပ်အမှုဆောင်အဖွဲ့၏လုပ်ငန်းတာဝန်များ

၁၃။ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း၏ ရန်ပုံငွေကို ထိန်းသိမ်းရမည်။

၁၄။ အလုပ်အမှုဆောင်အဖွဲ့သည် လစဉ်ကောက်ခံရရှိသော ရန်ပုံငွေ များ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ် ငွေစာရင်း နှင့် နှစ်ချုပ် ငွေစာရင်းများ ပြုစုထားရှိရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း အလုပ်သမားအဖွဲ့အစည်း၏ နှစ်ချုပ် ငွေစာရင်း ကို သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံသို့လည်းကောင်း၊ မြန်မာ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ် တို့၏ နှစ်ချုပ်ငွေစာရင်းကို မှတ်ပုံတင်အရာရှိချုပ်ထံသို့လည်းကောင်း မပျက်မကွက် ပေးပို့ရမည်။

၁၅။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် မှတ်ပုံတင် ထားပြီးဖြစ်သော အလုပ်သမားအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ပူးပေါင်း ခြင်း သို့မဟုတ် ပူးပေါင်းထားသော အလုပ်သမားအဖွဲ့အစည်းမှ ပြန်လည် ခွဲထွက်ခြင်းပြုလုပ်လိုပါက အလုပ်သမားအဖွဲ့အစည်းများ၏ စည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၁၆။ အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) အလုပ်သမားများကို ကိုယ်စားပြုရန်၊

(ခ) အလုပ်သမားများ၏အခွင့်အရေးများနှင့် အကျိုးစီးပွား များကို ကာကွယ်သည့် ဆောင်ရွက်မှုများ လုပ်ကိုင်ရန်၊

(ဂ) အလုပ်သမားများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက် အကူပြုသည့် အရည်အချင်းမြင့် အလုပ်သမားများ ပေါ်ပေါက်လာစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများ နှင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ရန်၊

(င) သမဝါယမ၊ အိမ်ရာ၊ သက်သာချောင်ချိရေးနှင့် အလားတူ ရည်ရွယ်ချက်များ ပါဝင်သော အလုပ်သမားအဖွဲ့အစည်း နှင့် ၎င်း၏အဖွဲ့ဝင်များ အကျိုးရှိစေမည့်လုပ်ငန်းအားလုံး ကို ဆောင်ရွက်ရန်။

## အခန်း (၅)

## အလုပ်သမားအဖွဲ့အစည်း၏အခွင့်အရေးနှင့်တာဝန်များ

၁၇။ အလုပ်သမားအဖွဲ့အစည်းများသည် ယင်းတို့နှင့်သက်ဆိုင်သော ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ် များကို ရွေးချယ်ရာတွင်လည်းကောင်း၊ ယင်းတို့၏စီမံခန့်ခွဲမှုနှင့် လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ယင်းတို့၏ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိစေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်းမရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခွင့်ရှိပြီး သဘောတူညီချက်မရရှိခဲ့လျှင် သက်ဆိုင်ရာဥပဒေနှင့်အညီ အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိသည်။

၁၈။ အလုပ်ရှင်က အလုပ်သမားတစ်ဦးဦးအား အလုပ်မှထုတ်ပယ်ရာ တွင် ထိုသို့ အလုပ်မှထုတ်ပယ်သော အကြောင်းရင်းများသည် အလုပ် သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမားဥပဒေများနှင့် ညီညွတ်မှုမရှိဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမား အဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ် ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာအလုပ်ရှင်အား တောင်းဆိုခွင့်ရှိသည်။

၁၉။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမား ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထား သည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့် ရှိသည်။

၂၀။ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့်စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင် ဆွေးနွေးခွင့်ရှိသည်။

၂၁။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများ နှင့်အညီ အလုပ်သမားများ၏ စုပေါင်း အရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၂၂။ အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများ ပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းနှင့် စုပေါင်း အရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်က ချမှတ် ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက် များနှင့်အညီ ငြိမ်းချမ်းစွာဆောင်ရွက်ရမည်။

၂၃။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမား များအကြား လုပ်ငန်းများ၏ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ သဘောတူညီ ချက်များ၊ တစ်ဦးချင်းအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ် များ၊ ကတိဝန်ခံချက်များနှင့် အခြား တစ်ဦးချင်း သဘောတူညီချက်များ ပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

## အခန်း (၆)

## ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

၂၄။ အလုပ်သမားအဖွဲ့အစည်းအသီးသီးသည် ရန်ပုံငွေတစ်ရပ်စီကို သီးခြား ထူထောင်ခွင့်ရှိသည်။

၂၅။ အလုပ်သမားအဖွဲ့အစည်းများသည် -

(က) မိမိတို့အဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းပါအတိုင်း အလုပ်သမားအဖွဲ့အစည်းဝင်ကြေး၊ အဖွဲ့အစည်းဝင် အလုပ်သမားရရှိသည့် လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းထက် မများသော လစဉ် ထည့်ဝင်ကြေး၊ အလုပ်သမား အဖွဲ့အစည်းများက တာဝန်ယူလုပ်ကိုင်သော ယဉ်ကျေးမှု နှင့် အားကစားလုပ်ငန်းများမှ ဝင်ငွေ၊ သက်ဆိုင်ရာ အလုပ်ရှင်က လှူဒါန်းသောငွေတို့ဖြင့် ရန်ပုံငွေ ထူထောင် ခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကပေးအပ်သော ကူညီ ထောက်ပံ့မှုများတွင် ငွေကြေးပါပင်ပါက ယင်းကို ရန်ပုံငွေ ထဲသို့ ထည့်သွင်းရမည်။

(ဂ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသောငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

၂၆။ အခြေခံအလုပ်သမားအဖွဲ့အစည်းများသည် အဖွဲ့အစည်းဝင် အလုပ်သမားရရှိသည့် လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းထက်မများသော လစဉ်ထည့်ဝင်ကြေးကို မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့သို့ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က သတ်မှတ်ပေးသည်အတိုင်း ခွဲဝေပေးရမည်။

၂၇။ အလုပ်သမားအဖွဲ့အစည်းများ၏ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံ စည်းမျဉ်းများတွင် ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်း စသည့်ကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များအတွက် ရည်ရွယ်ခေါ်ယူကျင်းပ သော အဆိုပါ အလုပ်သမားအဖွဲ့အစည်း၏ အထွေထွေအစည်းအဝေး တွင် အဖွဲ့ဝင်အများစုက အတည်ပြုချမှတ်ထားသည့်ကိစ္စရပ်များတွင်သာ သုံးစွဲရမည်။

၂၈။ သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သည် မိမိအဖွဲ့အစည်း၏ ရန်ပုံငွေကို မြန်မာနိုင်ငံအတွင်းရှိ ဘဏ်တစ်ခုခုတွင် ဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။

## အခန်း (၇)

## အလုပ်ရှင်၏တာဝန်များ

၂၉။ အလုပ်ရှင်သည် မိမိလုပ်ငန်း၏ အလုပ်သမားအဖွဲ့အစည်းများကို အလုပ်သမားများအား ကိုယ်စားပြုသည့် အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုရမည်။

၃၀။ အလုပ်ရှင်သည် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ဖြင့် တာဝန်တစ်ခုခု ပေးအပ်ခြင်းခံရသော အလုပ် အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား အခြားနည်း သဘောတူညီထားသည်မှ အပ ယင်းတာဝန်ကို ထမ်းဆောင်ရန် တစ်လလျှင် နှစ်ရက်ထက်မပိုစေဘဲ ခွင့်ပြုရမည်။ ယင်းကာလကို မိမိ လုပ်ငန်းရှိ မူလတာဝန်ကို ထမ်းဆောင် နေသကဲ့သို့ မှတ်ယူရမည်။

၃၁။ အလုပ်ရှင်သည် အလုပ်သမားအဖွဲ့အစည်းများက မိမိတို့ အလုပ်သမားများ၏အကျိုးအတွက် အကူအညီများ တောင်းခံလာလျှင် တတ်နိုင်သရွေ့ အကူအညီပေးရမည်။ သို့ရာတွင် အလုပ်ရှင်သည် ငွေကြေး သို့မဟုတ် အခြားနည်းဖြင့် ယင်း၏လွှမ်းမိုးမှု သို့မဟုတ် ထိန်းချုပ်မှုဖြင့် အလုပ်သမားအဖွဲ့အစည်းများ တည်ထောင်ခြင်း သို့မဟုတ် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းပြုရန် ရည်ရွယ်သည့် မည်သည့် လုပ်ဆောင်ချက်ကိုမျှ မပြုလုပ်ရ။

## အခန်း (၈)

## မှတ်ပုံတင်အရာရှိချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၂။ မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) မြို့နယ်မှတ်ပုံတင်အရာရှိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ခ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ် မှတ်ပုံတင် အရာရှိ၏ စိစစ်တင်ပြချက်ကို အဆုံးအဖြတ်ပေးခြင်း၊

(ဂ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားလာလျှင် လျှောက်ထားမှုကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဃ) လိမ်လည်၍သော်လည်းကောင်း၊ မှားယွင်း၍သော် လည်းကောင်း အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံ တင်ခဲ့လျှင်ဖြစ်စေ၊ အလုပ်သမားအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရန်မဟုတ်ဘဲ အခြား ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ရန် မှတ်ပုံတင်ခဲ့လျှင်ဖြစ်စေ

အလုပ်သမား အဖွဲ့အစည်းတစ်ခုအား မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ရေး အတွက် တရားစွဲဆိုရန် သက်ဆိုင်ရာမြို့နယ်မှတ်ပုံတင် အရာရှိအား ညွှန်ကြားခြင်း၊

(င) အလုပ်သမားအဖွဲ့အစည်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော ပေါင်းစည်းဆက်သွယ်ထားသည့် အလုပ်သမားအဖွဲ့အစည်းများက တောင်းဆိုလျှင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်များ၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးခြင်းနှင့် အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့် ၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးစေခြင်း၊

(စ) အလုပ်သမားအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ပူးပေါင်းခြင်း သို့မဟုတ် ပူးပေါင်းထားသော အလုပ်သမား အဖွဲ့အစည်း မှ ပြန်လည် ခွဲထွက်ခြင်းပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ်မှတ်ပုံတင် အရာရှိ၏ စိစစ်တင်ပြချက် ကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပုဒ်မ ၃၃ ပါ အကြောင်းတစ်ရပ်ရပ်အရ ပယ်ဖျက်ရန် မြို့နယ်မှတ်ပုံတင်အရာရှိ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။

၃၃။ အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့လျှင် မှတ်ပုံတင်အရာရှိချုပ်သည် အလုပ်သမားအဖွဲ့အစည်းတစ်ခုအား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်နိုင်သည် -

(က) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ အလုပ်အမှုဆောင် အဖွဲ့က လျှောက်ထားခြင်း၊

(ခ) သတ်မှတ်ထားသည့် အနည်းဆုံး အလုပ်သမားဦးရေ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဦးရေ ပြည့်မီမှု မရှိတော့ကြောင်း စိစစ်တွေ့ရှိရခြင်း။

## အခန်း (၉)

## မှတ်ပုံတင်အရာရှိချုပ်၏ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း

၃၄။ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် ငြင်းပယ် ကြောင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ကြောင်း မှတ်ပုံတင်အရာရှိချုပ်က ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်သည် ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက် ၉၀ ပြည့်မြောက်သည့်အချိန်ထိလည်းကောင်း၊ မကျေနပ်သူက ပုဒ်မ ၃၄ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားမှုပြုခဲ့လျှင် ယင်းတရားလွှတ်တော်ချုပ်၏ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်သည့်အချိန်ထိလည်းကောင်း အကျိုးသက်ရောက်ခြင်း မရှိစေရ။

## အခန်း (၁၀)

## မြို့နယ်မှတ်ပုံတင်အရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၆။ မြို့နယ်မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်၍ မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် လိုအပ်ချက်များတွေ့ရှိပါက သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းထံမှ တောင်းခံ ခြင်းနှင့် ယင်းသို့ တောင်းခံနေစဉ်ကာလအတွင်း မှတ်ပုံတင် ခွင့်ပြုရေးကိစ္စကို ဆိုင်းငံ့ထားခြင်း၊

(ဂ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း အား အကြောင်းကြားခြင်း၊

(ဃ) မှတ်ပုံတင်အရာရှိချုပ်က မှတ်ပုံတင်ခွင့်ပြုသော အလုပ်သမားအဖွဲ့အစည်းအား မှတ်ပုံတင်လက်မှတ် ပေးအပ်ခြင်း၊

(င) သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၏ နှစ်ချုပ်အဖွဲ့ဝင် အင်အားစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းတို့ကို လက်ခံ ထိန်းသိမ်းခြင်း၊

(စ) အလုပ်သမားအဖွဲ့အစည်းများ၏ ပူးပေါင်းရန် သို့မဟုတ် ခွဲထွက်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ် ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြခြင်း၊

(ဆ) ပုဒ်မခွဲ (စ) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင် အရာရှိချုပ်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းအား အကြောင်းကြားခြင်း၊

(ဇ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပုဒ်မ ၃၃ ပါ အကြောင်းတစ်ရပ်ရပ်အရ ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြခြင်း၊

(ဈ) ဤဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင် အရာရှိ ချုပ်၏ ညွှန်ကြားချက်နှင့်အညီ အလုပ်သမားအဖွဲ့အစည်း အဖြစ် မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆိုခြင်း၊

(ည) မှတ်ပုံတင်အရာရှိချုပ်က အခါအားလျော်စွာ ပေးအပ် သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၁၁)

## အလုပ်ပိတ်ခြင်းနှင့် သပိတ်မှောက်ခြင်း

၃၇။ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကိုလည်းကောင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သော လုပ်ငန်း ကိုလည်းကောင်း၊ အလုပ်ပိတ်ခြင်းပြုလိုသောအလုပ်ရှင်သည် စတင် အလုပ်ပိတ်မည့် နေ့ရက်နှင့်ကာလကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအလုပ်သမားများသို့လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ် အလုပ်သမားအဖွဲ့အစည်းသို့လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့သို့လည်းကောင်း အလုပ်ပိတ်မည့်ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်အကြောင်းကြားပြီး သက်ဆိုင်ရာ ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ အလုပ်ပိတ်ခြင်းပြုရမည်။

၃၈။ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် သပိတ်မှောက် ခြင်းပြုလိုသော အလုပ်သမားအဖွဲ့အစည်းသည် အဖွဲ့အစည်းဝင် အလုပ်သမားအများစု၏ ဆန္ဒပြုချက်အရ -

(က) သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ညွှန်ကြားချက်ဖြင့် သပိတ်မှောက်မည့်နေ့ရက်၊ နေရာ၊ ပါဝင်မည့်ဦးရေ၊ နည်းလမ်းနှင့် သပိတ်မှောက်မည့်အချိန်ကာလကို ဖော်ပြ၍ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအလုပ်ရှင် နှင့် သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သပိတ် မှောက်မည့်ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင် အကြောင်းကြားရမည်။

(ခ) အလုပ်သမားများ၏ သပိတ်မှောက်ခြင်းဆိုင်ရာ အခွင့် အရေးကို မထိခိုက်စေဘဲ အများပြည်သူ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဝန်ဆောင်မှုပြုမည့် အနည်းဆုံးအရေအတွက်ကို အငြင်းပွားမှုမတိုင်မီ ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများသည် သပိတ်မှောက်ခဲ့လျှင် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင် နေရမည့် အလုပ်သမားအရေအတွက်နှင့် ရာထူး အမျိုးအစားအပေါ် သဘောတူညီချက် ရယူထားရမည်။ ယင်းသို့ သဘောတူညီမှုမရရှိခဲ့ပါက ဝန်ဆောင်မှုပြုမည့် အနည်းဆုံးအရေအတွက်ကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး တွင် ဆုံးဖြတ်ရမည်။

၃၉။ အလုပ်သမားအဖွဲ့အစည်းဝင်အများစု၏ ဆန္ဒပြုချက်အရ အများ ပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်း များတွင် သပိတ်မှောက်ခြင်းပြုလိုသော အလုပ်သမားအဖွဲ့အစည်းသည် သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် သပိတ်မှောက်မည့် နေ့ရက်၊ နေရာ၊ ပါဝင်မည့် ဦးရေ၊ နည်းလမ်းနှင့် အချိန်ကာလတို့ကို ဖော်ပြ၍ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအလုပ်ရှင်နှင့် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သပိတ်မှောက်မည့်ရက်မတိုင်မီ အနည်းဆုံး သုံးရက် ကြိုတင်အကြောင်းကြားရမည်။

၄၀။ (က) သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အလုပ်ပိတ်ခွင့် ပြုရန် အလုပ်ရှင်တစ်ဦးဦး၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ခွင့်ပြု မပြုကို သက်ဆိုင်ရာအလုပ်ရှင်ထံ အချိန်မီ အကြောင်းပြန်ကြားရမည်။

(ခ) သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်သည် အလုပ်သမား အဖွဲ့အစည်းတစ်ခုခုက သပိတ်မှောက်ခွင့်ပြုရန် တင်ပြ ချက်နှင့်စပ်လျဉ်း၍ ခွင့်ပြု မပြုကို အလုပ်သမား အဖွဲ့ အစည်းထံ အချိန်မီ အကြောင်းပြန်ကြားရမည်။

၄၁။ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းသည် အောက်ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ဥပဒေနှင့်ဆန့်ကျင်သော အလုပ် ပိတ်ခြင်း သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သော သပိတ်မှောက်ခြင်း ဖြစ်သည် -

(က) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု ပြတ်တောက် ရပ်ဆိုင်း စေခြင်းဖြင့် အများပြည်သူအချို့၏ အသက်၊ ကျန်းမာရေး နှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သော အောက်ပါ မရှိမဖြစ် လိုအပ်သည့်ဝန်ဆောင်မှုများဖြစ်ခြင်း -

(၁) ရေပေးဝေရေးလုပ်ငန်း၊

(၂) လျှပ်စစ်ဓာတ်အားလုပ်ငန်း၊

(၃) မီးသတ်လုပ်ငန်း၊

(၄) ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊

(၅) တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်း၊

**ရှင်းလင်းချက်** ။ ။ အချိန်ကာလတစ်ရပ်ကို ကျော်လွန် ၍ သပိတ်မှောက်ခြင်းကြောင့် အငြင်းပွားမှုတွင် ပါဝင်သူများ၏ အလုပ်ခွင်အကျိုးစီးပွားကို ပြန်လည် အစားထိုး၍ မရနိုင်အောင် ထိခိုက်လျှင်ဖြစ်စေ၊ အလွန်အမင်း ထိခိုက်စေလျှင်ဖြစ်စေ မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုမဟုတ်သည့် လုပ်ငန်း တစ်ခုသည် မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုတစ်ခုအဖြစ် ပြောင်းလဲလာနိုင်သည်။

(ခ) အလုပ်သမားအဖွဲ့အစည်းများသည် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ခွင့်ပြုချက်မရှိဘဲ သပိတ် မှောက်ခြင်း၊

(ဂ) အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကြိုတင် အကြောင်းကြားရန် ပျက်ကွက်ခြင်း၊

(ဃ) လုပ်ခ၊ လစာ၊ သက်သာချောင်ချိရေး၊ အလုပ်ချိန်နာရီ သို့မဟုတ် အလုပ်သမားများ၏လုပ်ငန်းခွင်ဆိုင်ရာ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် အခြားကိစ္စများကဲ့သို့သော အလုပ်သမားရေးရာကိစ္စများနှင့် သက်ဆိုင်မှု မရှိခြင်း၊

(င) သပိတ်မှောက်ခြင်းသည် ကြိုတင်ခွင့်ပြုချက်ရယူ ထားသည့်နေ့ရက်၊ နေရာ၊ အချိန်ကာလ၊ ပါဝင်မည့် ဦးရေ၊ နည်းလမ်းတို့နှင့် ကိုက်ညီမှုမရှိခြင်း။

၄၂။ ဥပဒေနှင့်ဆန့်ကျင်သော အလုပ်ပိတ်ခြင်း သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်သော သပိတ်မှောက်ခြင်းဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ တားဆီးနိုင်သည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၄၃။ မည်သည့်အလုပ်ရှင်မျှ သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် လည်းကောင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံး မဝင်သော လုပ်ငန်းတွင်လည်းကောင်း အလုပ်ပိတ်ခြင်းမပြုရ။

၄၄။ မည်သည့်အလုပ်ရှင်မျှ -

(က) အငြင်းပွားမှုတစ်ရပ်ရပ်အတွက် ဝါဏိဇ္ဇပဋိပက္ခမှု ဖြေရှင်း နေစဉ်အတွင်း ယင်းအငြင်းပွားမှုကို အကြောင်းပြု၍ အလုပ်ပိတ်ခြင်းမပြုရ။

(ခ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့်ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်း မပြုရ။

(ဂ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့်ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်းကို ငြင်းဆန်သည့် အလုပ်သမားအား အလုပ်မှထုတ်ပစ်ခြင်း မပြုရ။

(ဃ) ဤဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းတစ်ရပ်၏ လှုပ်ရှားမှုများကိုဆောင်ရွက်ရန် အလုပ်သမားအဖွဲ့အစည်း တစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း သို့မဟုတ် သပိတ် မှောက်ရာတွင် ပါဝင် ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားတစ်ဦးအား အလုပ်မှ ထုတ်ပစ်ခြင်း မပြုရ။

၄၅။ မည်သည့်အလုပ်သမားမျှ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းတွင် သပိတ်မှောက်ခြင်းပြုမည့်အကြောင်း ပုဒ်မ ၃၈ ပါ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအလုပ်ရှင်သို့လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့လည်းကောင်း ကြိုတင် အကြောင်း ကြားခြင်းမရှိဘဲ သပိတ်မှောက်ခြင်း မပြုရ။

၄၆။ မည်သည့်အလုပ်သမားမျှ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်းများတွင် သပိတ်မှောက်ခြင်း ပြုမည့်အကြောင်း ပုဒ်မ ၃၉ ပါ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ အလုပ်ရှင်သို့လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ လည်းကောင်း ကြိုတင် အကြောင်းကြားခြင်းမရှိဘဲ သပိတ်မှောက်ခြင်း မပြုရ။

၄၇။ မည်သည့်အလုပ်သမားမျှ -

(က) အငြင်းပွားမှုတစ်ရပ်ရပ်အတွက် ဝါဏိဇ္ဇပဋိပက္ခမှု ဖြေရှင်း နေစဉ်အတွင်း ယင်းအငြင်းပွားမှုကို အကြောင်းပြု၍ သပိတ်မှောက်ခြင်း မပြုရ၊

(ခ) ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ဥပဒေနှင့်ဆန့်ကျင်၍ သပိတ်မှောက်ခြင်း မပြုရ။

၄၈။ အလုပ်သမားအဖွဲ့အစည်းများ၏ ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း စသည့်ကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များအတွက် ရည်ရွယ် ခေါ်ယူကျင်းပသော အဆိုပါ အလုပ်သမားအဖွဲ့အစည်း၏ အထွေထွေ အစည်းအဝေးတွင် အဖွဲ့ဝင်အများစုက အတည်ပြုချမှတ်ထားသည့် ကိစ္စရပ်များမှအပ သုံးစွဲခြင်းမပြုရ။
၄၉။ မည်သူမျှ အလုပ်သမားတစ်ဦးဦးအား အလုပ်သမားအဖွဲ့အစည်း တွင် ပါဝင်စေရန် သို့မဟုတ် မပါဝင်စေရန် အတင်းအကျပ်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် မသမာသောနည်းဖြင့် သွေးဆောင်ဖြားယောင်းခြင်း မပြုရ။

၅၀။ မည်သူမျှ -

(က) အလုပ်အမှုဆောင်အဖွဲ့များက ဤဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ဝင်ရောက် စွက်ဖက် ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း မပြုရ။

(ခ) အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆေးရုံ၊ စာသင်ကျောင်း၊ သာသနိက အဆောက်အအုံ၊ လေဆိပ်၊ ဘူတာရုံ၊ ခရီးသည်တင်ယာဉ်ရပ်နားစခန်း၊ ဆိပ်ကမ်း သို့မဟုတ် သံတမန် အဖွဲ့အစည်းများ၊ တပ်မတော် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆောက်အအုံတစ်ခုခုမှ ကိုက် ၂၀၀ အတွင်းတွင် ဆန္ဒပြခြင်း မပြုရ။

## အခန်း (၁၃)

## ပြစ်ဒဏ်များ

၅၁။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၅၂။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၄၅၊ ၄၆ နှင့် ၄၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်အား ကျူးလွန်ရာ၌ လူပုဂ္ဂိုလ်ကို အကြမ်းဖက်ခြင်း၊ ပစ္စည်းအား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် အခြားသောအခွင့်အရေးများကို ပြင်းထန်စွာချိုးဖောက်ခြင်း ကိစ္စများတွင် သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

## အခန်း (၁၄)

## အထွေထွေ

၅၆။ ပြည်ထောင်စုအစိုးရသည် အလုပ်သမားအဖွဲ့အစည်းအား သင့်လျော်သလို အကူအညီပေးနိုင်သည်။ အလုပ်သမားအဖွဲ့အစည်း၏ ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ကိုလည်း အလေးထား စဉ်းစားရမည်။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၅၈။ The Trade Unions Act, 1926 ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၇၄။ (က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ် ထားသည့်ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ ပြင်ဆင်မှု လျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။"

(ခ) ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူ သည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက် ထပ်မည့် လွှတ်တော်သက်တမ်းတစ်ခု အတွက် ကျင်းပသည့် ရွေးကောက်ပွဲများ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ

၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာခြင်း ခံရသူသည်လည်းကောင်း၊ သတ်မှတ် ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျ စရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်း
သူဟု ကြေညာခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ထည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ ကြောင်း ကော်မရှင်က ကြေညာခြင်းခံရ သော လွှတ်တော်ကိုယ်စားလှယ်သည့် လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှ စ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၇၄။ (က) ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထား ခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့်ကာလအတွင်း သတ်မှတ်ထား သည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထား နိုင်သည်။ ပြင်ဆင်မှု လျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။"

(ခ) ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူ သည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းနှင့် နောက် လာမည့် လွှတ်တော်သက်တမ်းတစ်ခု အတွက် ကျင်းပသည့် ရွေးကောက်ပွဲများ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ

၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာခြင်း ခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်း သည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံ ရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်း သူဟု ကြေညာခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိ တော့ကြောင်း ကော်မရှင်က ကြေညာခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှ စ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇၄။ (က) ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထား ခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့်ကာလအတွင်း သတ်မှတ်ထား သည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထား နိုင်သည်။ ပြင်ဆင်မှု လျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။"

(ခ) ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည် ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာ ခြင်း ခံရသူသည် ယင်းသို့ ကြေညာသည့် နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင် ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ထိုယ်စားလှယ်ထောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိတော့ ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူ သည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခု အတွက် ကျင်းပသည့် ရွေးကောက်ပွဲများ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ် ထားသည့်အတိုင်းရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှ စ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁။)

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

( ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင် သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို လေးစားလိုက်နာရေး၊"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ (စ) ကို ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (ဆ) ကို ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဇ) ကို ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဈ) ကို ပုဒ်မခွဲ (ဇ) အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ (က) (၁) တွင် အောက်ပါရှင်းလင်းချက်ကို ဖြည့်စွက်ရမည် -

"**ရှင်းလင်းချက်**။ လွှတ်တော်သက်တမ်းတစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့် နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် ယင်းလွှတ်တော်သက်တမ်း အတွင်း ကျင်းပပြုလုပ်သော ကြားဖြတ် ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ၊ မဲဆန္ဒနယ် သုံးနယ် ထက်မနည်း တျင်းပပြုလုပ်သော ကြားဖြတ် ရွေးကောက်ပွဲများ၌ အနည်းဆုံး မဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင် လျှင်ဖြစ်စေ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤပြဋ္ဌာန်းချက်နှင့် အကျုံး ဝင်စေရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့် နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။)

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၆။) ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃။)

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်

(က) **အသေးစားငွေရေးကြေးရေးလုပ်ငန်း** ဆိုသည်မှာ အခြေခံလူတန်းစားအား အသေးစားချေးငွေထုတ်ပေးခြင်း၊ ယင်းတို့ထံမှ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်း ပြည်ပမှ ငွေချေးယူ ခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းတို့ကို ဆိုသည်။

(ခ) **အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် မတည်ငွေ၊ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများထည့်ဝင်ပြီး လုပ်ငန်းလုပ်ထိုင်ခွင့်လိုင်စင်ရယူ၍ အသေးစား ငွေရေး ကြေးရေးလုပ်ငန်းလုပ်ကိုင်သည့် သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သမဝါယမအသင်း၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **အသေးစားချေးငွေ** ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေး ဘဝ တိုးတတ်မြင့်မားရန် အာမခံပစ္စည်းတင်သွင်းရန် မလိုဘဲ ထုတ်ချေးသည့်ငွေကို ဆိုသည်။

(ဃ) **အခြေခံလူတန်းစား** ဆိုသည်မှာ ကျေးလက်နှင့်မြို့ပြနေ ဝင်ငွေနည်းပါးသည့် တောင်သူလယ်သမားများ၊ အလုပ်သမား များနှင့် ဈေးသည်များအပါအဝင် ပြည်သူများကို ဆိုသည်။

(င) **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီ** ဆိုသည်မှာ နိုင်ငံတော် သမ္မတရုံးက ဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော အသေးစားငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဇ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီက ဤဥပဒေအရ ဖွဲ့စည်းထားသည့် အသေးစား ငွေရေး ကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဈ) **မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးလုပ်ငန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းကို ဆိုသည်။

(ည) **စီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုအဖွဲ့ကို ဆိုသည်။

(ဋ) **အပ်ငွေ** ဆိုသည်မှာ တောင်းခံလျှင်ဖြစ်စေ၊ အခြား အခြေ အနေတစ်ရပ်ရပ်တွင်ဖြစ်စေ ပြန်လည်ပေးရန်ဖြစ်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အသင်းသား အဖွဲ့ဝင်က အပ်နှံသည့်ငွေကို ဆိုသည်။ ယင်းစကားရပ်တွင် စုဆောင်းငွေလည်းပါဝင်သည်။

(ဌ) **လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်** ဆိုသည်မှာ ဤဥပဒေ အရ ထုတ်ပေးသော အသေးစားငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊

(ခ) အခြေခံလူတန်းစား၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဃ) ချွေတာစုဆောင်းသည့်အလေ့အထ ပြုစုပျိုးထောင်ပေးရန်၊

(င) အသေးစားစီးပွားရေးလုပ်ငန်းအသစ်များ ပေါ်ထွက်လာ စေရေးအတွက် အားပေးရန်၊

(စ) အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့် ချဲ့ထွင် ပေးရန်၊

(ဆ) အခြေခံလူတန်းစားအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပြင် အခြားဝင်ငွေရရှိနိုင်သော နည်းလမ်းများဖြင့် အကူအညီ ပေးရန်၊

(ဇ) ပြည်တွင်းပြည်ပမှ နည်းပညာများ ရယူဖြန့်ဖြူးပေးရန်။

## အခန်း (၃)

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ နိုင်ငံတော်သမ္မတရုံးသည် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး၊ သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်နေပြည်တော်ရှိ လုပ်ငန်းကော်မတီများအား ပေါင်းစပ်ကူညီဖြည့်ဆည်းပေးရမည်။

## အခန်း (၄)

## အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာန၏ ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာ့အသေးစားငွေရေး ကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်း ရမည်။

၇။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီက ချမှတ်ပေးသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းကော်မတီများအား အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာ မူဝါဒနှင့်လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ အထူးပြု ကုမ္ပဏီ များ၊ ဘဏ်များနှင့်ချိတ်ဆက်၍ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအား ငွေကြေးပံ့ပိုးနိုင်ရေး စီမံဆောင်ရွက် ပေးခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာ ရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

(စ) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့ အစည်းအား အဖွဲ့အစည်းအမျိုးအစားအလိုက် အနည်းဆုံး ထည့်ဝင်ရမည့် မတည်ငွေရင်းကို သတ်မှတ်ခြင်း၊

(ဆ) ဈေးကွက်နှင့်လိုက်လျောညီထွေဖြစ်စေရန် အပ်ငွေအပေါ် ပေးရမည့် အတိုးနှုန်း၊ ထုတ်ချေးငွေအပေါ် ကောက်ခံရမည့် အတိုးနှုန်းနှင့် ဝန်ဆောင်ခနှုန်းများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကျင့်သုံးလျက်ရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ သတ်မှတ်ခြင်း၊

(ဇ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် ချမှတ်ခြင်း၊

(ဈ) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား စိစစ်သုံးသပ်၍ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း ကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

၈။ ကြီးကြပ်မှုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းအတွက် လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကြေး၊ တပ်မံတိုးမြှင့်သည့် မတည်ငွေ ပမာဏအပေါ် ကောက်ခံသည့် လိုင်စင်ကြေးနှင့် နှစ်စဉ် လိုင်စင်ကြေးများကို သတ်မှတ်ခြင်း၊

(ခ) ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက် ရာတွင် အထောက်အကူဖြစ်စေရန် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ်တစ်ဦးဦးကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက် ဖြင့် ငှားရမ်းအသုံးပြုခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

## အခန်း (၅)

## အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၉။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၁၀။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ အထူးပြု ကုမ္ပဏီ များ၊ ဘဏ်များနှင့်ချိတ်ဆက်၍ အသေးစား ငွေရေး ကြေးရေးလုပ်ငန်းများအား ငွေကြေးပံ့ပိုးနိုင်ရေး စီမံ ဆောင်ရွက်ပေးခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာများကို စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ် တွပ်ကဲခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့် အညီ ကြီးကြပ်မှုကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊
(င) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ရှင်သန် တိုးတက် ဖွံ့ဖြိုးလာစေရေးအတွက် လေ့ကျင့်သင်ကြားခြင်းနှင့် ပညာ ဖြန့်ဖြူးပေးခြင်း၊
(စ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၆)**

## မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း၏ လုပ်ငန်းတာဝန်များ

၁၁။ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာများကို စိစစ်၍ သက်ဆိုင်ရာလုပ်ငန်း ကော်မတီသို့ တင်ပြခြင်း၊
(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ထိန်းသိမ်းထားရှိရမည့် စာရင်းပုံစံများနှင့် အစီရင်ခံရမည့် ပုံစံများကို သတ်မှတ်ခြင်း၊
(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ် ကွပ်ကဲခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊
(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ အစီရင်ခံ တင်ပြခြင်း၊
(င) ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီ များက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းသည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် သို့မဟုတ် အကြောင်းသင့် ဆက်စပ်ဖြစ်ပေါ်လာသည့် လုပ်ငန်းများကိုလည်း တာဝန်ယူ ဆောင်ရွက် ရမည်။

**အခန်း (၇)**

## ဖွဲ့စည်းတည်ထောင်ခြင်း

၁၃။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့ အစည်းသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ သမဝါယမအသင်း ဥပဒေ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ရမည်။

၁၄။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့ အစည်းသည် -
(က) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ရေးဆွဲထား ရမည်။

(ခ) စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်း၍ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့ စည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

(ဂ) စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရာတွင် ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စီမံခန့်ခွဲမှုအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ရန် လိုအပ်သည့်အရည်အချင်းနှင့် ပြည့်စုံစေရမည်။

၁၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအဖွဲ့သည် မိမိကိုယ်စား ဆောင်ရွက်ပိုင်ခွင့်များကို သက်ဆိုင်ရာ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများကို လွှဲအပ်နိုင်သည်။

၁၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းများကို ပြင်ဆင်လိုပါက သက်ဆိုင်ရာ လုပ်ငန်း ကော်မတီသို့တင်ပြ၍ ကြီးကြပ်မှုကော်မတီ၏ ကြိုတင် ခွင့်ပြုချက် ရရှိပြီးမှသာ ပြင်ဆင်ရမည်။

## အခန်း (၈)

## လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်

၁၇။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့ အစည်းသည် လုပ်ငန်းဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာ လုပ်ငန်း ကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအချက်များပါဝင်သော ဖြစ်နိုင်ခြေ လေ့လာချက်ကို ပူးတွဲ၍တင်ပြရမည် -

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မည့် ဒေသ၊ ဈေးကွက်ရှိကြောင်းနှင့် သက်ဆိုင်ရာပြည်သူများ ကလည်း စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြချက်၊

(ခ) ငွေရေးကြေးရေးအရင်းအမြစ်များ မည်မျှ လိုအပ်ကြောင်း နှင့် ယင်းတို့ကို မည်သို့ ရရှိမည်ဖြစ်ကြောင်း ဖော်ပြချက်၊

(ဂ) အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ပါက ရရှိမည် ဟု မျှော်မှန်းထားသည့် အကျိုးအမြတ်နှင့် အကျိုးအမြတ် များကို စီမံခန့်ခွဲမည့် အစီအစဉ်များ၊

(ဃ) စီမံခန့်ခွဲရေးဆိုင်ရာ အရည်အချင်းနှင့် ကျွမ်းကျင်မှု၊

(င) လုပ်ကိုင်လိုသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း အမျိုးအစားများ။

၁၈။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများကို အောက်ပါ အတိုင်း အမျိုးအစား ခွဲခြားသတ်မှတ်ထားရှိရမည် -

(က) အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း၊

(ခ) အပ်ငွေလက်ခံသည့်အသေးစားငွေရေးကြေးရေး အဖွဲ့ အစည်း။

၁၉။ (က) အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းသည် အများပြည်သူထံမှ အပ်ငွေ မဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့် ရန်ပုံငွေနှင့် အသေးစား

ချေးငွေရယူသည့်အခါတိုင်း အသင်းသားများက မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေများဖြင့် အသေးစား ချေးငွေ များ ထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်။

(ခ) အပ်ငွေလက်ခံသည့် အသေးစား ငွေရေးကြေးရေးအဖွဲ့ အစည်းသည် အများပြည်သူထံမှ အပ်ငွေ မဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့် ရန်ပုံငွေ၊ အသေးစား ချေးငွေရယူသည့်အခါတိုင်း အသင်းသားများက မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေနှင့် မိမိဆန္ဒအလျောက် စုဆောင်းသည့် အပ်ငွေများဖြင့် အသေးစား ချေးငွေများ ထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်။

၂၀။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများသည် -
(က) ထည့်ဝင်ပြီး မတည်ငွေရင်းကို ငွေသားဖြင့်ပေးသွင်းရမည်။

(ခ) ထည့်ဝင်ပြီး မတည်ငွေရင်းအပြည့်အဝကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော် အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရမည်။ အဆိုပါ ထည့်ဝင် ပြီး မတည်ငွေရင်းကို ကြီးကြပ်မှုကော်မတီက လုပ်ငန်း လိုင်စင်ထုတ်ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှသာ ပြန်လည် ထုတ်ယူခွင့်ရှိသည်။

၂၁။ (က) ကြီးကြပ်မှုကော်မတီသည် လျှောက်လွှာပုံစံပါ ဖြည့်စွက်ချက် များနှင့် ဖြစ်နိုင်ခြေလေ့လာချက်တို့ကို စိစစ်ပြီးနောက် လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ယင်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးရာတွင် သက်တမ်း ကန့်သတ်ချက် မထားရှိရ။

၂၂။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့် အဖွဲ့အစည်းသည် မိမိ၏ အစုရှယ်ယာပိုင်ရှင်များ နှင့်ပတ်သက်၍လည်းကောင်း၊ လုပ်ငန်း၏အခြေအနေမှန်နှင့် စပ်လျဉ်း၍ လည်းကောင်း အများပြည်သူက လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူစေနိုင် မည့် အမည်နာမကို အသုံးပြုသည်ဟု ကြီးကြပ်မှုကော်မတီက ယူဆလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးရန် ငြင်းပယ်ရမည်။
၂၃။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင် ခွင့်လိုင်စင် ရရှိသည့်နေ့မှစ၍ ၁၅ ရက်အတွင်း သတ်မှတ်သည့် လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကြေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေး ဘဏ်ရှိ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရမည်။

၂၄။ ကြီးကြပ်မှုကော်မတီသည် အသေးစား ငွေရေးကြေးရေး အဖွဲ့ အစည်း တစ်ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုသည့်အခါ မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန် ကြေညာရမည်။

၂၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် -

(က) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသည့်နေ့မှ ခြောက်လ အတွင်း လုပ်ငန်းစတင်ရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ။

၂၆။ အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ကြီးကြပ်မှု ကော်မတီသည် သက်ဆိုင်ရာ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ရုပ်သိမ်းရမည် -

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ပြင်ဆင် သတ်မှတ်သည့် အနည်းဆုံး မတည်ငွေရင်းကို သတ်မှတ် ကာလအတွင်း ထည့်ဝင်ရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံး မတည်ငွေရင်းလိုအပ်ချက်ကို သတ်မှတ်ကာလအတွင်း ပြည့်မီသည်အထိ ဖြည့်တင်းရန် ပျက်ကွက်ခြင်း၊

(ဂ) မိမိဆန္ဒအလျောက် စာရင်း ရှင်းလင်း ဖျက်သိမ်းခြင်း သို့မဟုတ် စာရင်း ရှင်းလင်း ဖျက်သိမ်းခံရခြင်း၊

(ဃ) အခြား အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ မူလတရားဝင် ရပ်တည်မှု ပျောက်ကွယ်သွားခြင်း၊

(င) ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ တို့က ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် ညွှန်ကြား ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၇။ (က) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုသည့် အခြား အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခု နှင့် ပူးပေါင်းဖွဲ့စည်းခြင်း သို့မဟုတ် မိမိအဖွဲ့အစည်းကို ခွဲခြမ်း ဖွဲ့စည်းခြင်းပြုလိုသည့်အခါ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ မှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ ကြိုတင် ခွင့်ပြုချက် ရယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပူးပေါင်းဖွဲ့စည်းခြင်း သို့မဟုတ် ခွဲခြမ်း ဖွဲ့စည်းခြင်းကြောင့် ပေါ်ပေါက်လာမည့် အသေးစား ငွေရေး ကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီက ထုတ်ပေးသော လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိမှသာ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်ရမည်။

၂၈။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ရုံးခွဲများ တည်ထောင်ခြင်း၊ လုပ်ငန်းနေရာ ရွှေ့ပြောင်းခြင်းနှင့် လုပ်ငန်းပိတ်ခြင်းတို့ အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

## အခန်း (၉)

## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းတာပန်နှင့်လုပ်ပိုင်ခွင့်များ

၂၉။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှု ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက် နိုင်သည် -

(က) အသေးစားချေးငွေထုတ်ပေးခြင်း၊

(ခ) အပ်ငွေလက်ခံခြင်း၊

(ဂ) ငွေလွှဲပြောင်းပေးပို့ခြင်း၊

(ဃ) အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊

(င) ပြည်တွင်း ပြည်ပမှ ငွေချေးယူခြင်း၊

(စ) အခြားငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

၃၀။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် အသေးစား ချေးငွေထုတ်ပေးရာတွင် အောက်ပါတရားဝင်စာရွက်စာတမ်းများကို ရယူထားရမည် -

(က) ချေးငွေလျှောက်လွှာနှင့်ချေးငွေကို မည်သို့ အသုံးပြုမည် ဖြစ်ကြောင်း တင်ပြချက်၊

(ခ) အသေးစား ငွေရေးကြေးရေးလုပ်ငန်းအတွက် အခြေခံ အထောက်အကူပြုမည့် ငွေချေးယူသူနှင့် အာမခံပုဂ္ဂိုလ် များ၏ ကတိဝန်ခံချက်မှတ်တမ်းများ၊

(ဂ) အသေးစားချေးငွေရယူမည့်သူကိုယ်တိုင် လက်မှတ် ရေးထိုး ထားသည့် သဘောတူညီချက်နှင့် စုပေါင်းဆုံးဖြတ်သည် ကိစ္စဖြစ်ပါက အဆိုပါကိစ္စအား သဘောတူညီသည့် ဆုံးဖြတ်ချက်မှတ်တမ်း။

၃၁။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် အသေးစား ချေးငွေ ထုတ်ချေးရာတွင် မိမိတို့၏လုပ်ငန်း ရေရှည်တည်တံ့နိုင်ရေးကို ကာကွယ်ထိန်းသိမ်းထားရန်အလို့ငှာ ကြီးကြပ်မှုကော်မတီက သတ်မှတ် ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၂။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် အပ်ငွေများ၊ ချေးငွေများနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကိုလည်းကောင်း၊ အတိုးနှုန်းနှင့် တွက်ချက်ပုံများကိုလည်းကောင်း ဆက်သွယ်သူများ သိရှိ

စေရန် ကြီးကြပ်မှုကော်မတီက သတ်မှတ်ပေးသည့် အချိန်အပိုင်းအခြား နှင့် အသုံးပြုရမည့်ပုံစံများနှင့်အညီ အချိန်မှန် ထုတ်ပြန်ကြေညာရမည်။

၃၃။ (က) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှု ကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်လျှင် သီးသန့်ငွေများ ထူထောင်ခြင်းအားဖြင့် မိမိ တို့၏ မတည်ငွေရင်းပမာဏကို တိုးမြှင့်နိုင်သည်။

(ခ) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုသည် ကြီးကြပ်မှုကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ အသားတင် အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို အထွေထွေ သီးသန့် ငွေစာရင်းတစ်ခုတွင် ထည့်သွင်းထားရမည်။ ထိုသို့ ထည့်သွင်း ခြင်းကို ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသည်အထိ ဆောင်ရွက်ရမည်။ ကြီးကြပ်မှုကော်မတီ ၏ညွှန်ကြားချက်နှင့်အညီ သီးခြား ရရန်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ သီးသန့်ငွေများကို ထားရှိရမည်။ ထို့ပြင် မိမိတို့ အစီအစဉ်ဖြင့်လည်း သီးသန့်ငွေများကို ထပ်မံ ထားရှိ နိုင်သည်။

၃၄။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် မိမိအဖွဲ့အစည်း အတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်အတွက်လည်းကောင်း မမျှတသည့် အခွင့်အလမ်းရရှိစေမည့် မမှန်ကန်သောလုပ်ဆောင်မှုများကို ဆောင်ရွက် ခြင်း မပြုရ။

၃၅။ အသေးစား ငွေရေးကြေးမရေးအဖွဲ့အစည်းသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

## အခန်း (၁၀)

## စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

၃၆။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းတွင် ကြီးကြပ်မှု ကော်မတီက သဘောတူသည့် စာရင်းစစ်ကိုခန့်ထားရမည်။

၃၇။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ စာရင်းစစ်တွင် အောက်ပါတာဝန်များ ရှိသည် -

(က) မြန်မာနိုင်ငံစာရင်းစစ် စံများနှင့်အညီ စာရင်းစစ်ဆေးပြီး လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်းများနှင့် စပ်လျဉ်း သည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြုစုခြင်း၊ ရှင်းတမ်း များသည် အဆိုပါလုပ်ငန်း၏ အခြေအနေမှန်ကို လုံလောက် လျော်ကန်စွာဖော်ပြခြင်း ရှိ မရှိနှင့် ငွေရေးကြေးရေး အခြေအနေ ခိုင်မာမှု ရှိ မရှိတို့ကို ယင်းအစီရင်ခံစာတွင် သုံးသပ် တင်ပြခြင်း၊

(ခ) လုပ်ငန်းအတွက် ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သော ဆောင်ရွက်ချက် များနှင့် စာရင်းများ၏ ချွတ်ယွင်းမှု၊ လိုအပ်မှုများကို အကြောင်းကြားခြင်း။

၃၈။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် သတ်မှတ်ပေး သည့်ပုံစံများကို အသုံးပြုလျက် သတ်မှတ်သည့် အချိန်ကာလအလိုက် အစီရင်ခံစာများ ပြုစုရမည်။ အစီရင်ခံစာများတွင် မိမိလုပ်ငန်း၏ စီမံရေးရာနှင့် လုပ်ငန်းရေးရာအခြေအနေ၊ ငွေရေးကြေးရေးအခြေအနေ
ခိုင်မာမှု၊ အကျိုးအမြတ်ရရှိမှုတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြည့်စုံစွာပါရှိရမည်။ ဤသို့ ပြုစုတင်ပြခြင်းဖြင့် မိမိတို့၏ ငွေရေးကြေးရေး အခြေအနေ ခိုင်မာမှုရှိကြောင်းနှင့် မည်သည့်အလားအလာသို့ ဦးတည် လျက်ရှိကြောင်း အကဲဖြတ်နိုင်စေရမည်။ အစီရင်ခံစာများပြုစုရာတွင် သတ်မှတ်ထားသည့်စာရင်း ထားရှိရေးစံများနှင့်အညီ ဖြစ်စေရမည်။

၃၉။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် စာရင်းစစ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် လက်ကျန်ရှင်းတမ်းတို့ကို စီမံခန့်ခွဲမှုအဖွဲ့နှင့် အစု ရှယ်ယာပိုင်ရှင်များက သတ်မှတ် သဘောတူထားသည့် နည်းလမ်းနှင့် အညီ အများသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှု ကော်မတီက ခန့်အပ်သော စာရင်းစစ်များ သို့မဟုတ် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ တာဝန်ပေးအပ်သော စစ်ဆေးရေးမှူးများ၏ စစ်ဆေးခြင်းကိုခံရမည်။ ယင်းသို့စစ်ဆေးသည့်အခါ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ -

(က) စာရင်းများ၊ သက်ဆိုင်ရာစာရွက်စာတမ်းများ၊ စာအုပ်များ နှင့် အခြား စာရွက်စာတမ်းများကို စစ်ဆေးနိုင်သည်။

(ခ) ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကြီးကြပ်သူများ၊ စီမံ ခန့်ခွဲ သူများ၊ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် အသင်းသား များအား မေးမြန်းနိုင်သည်။

၄၁။ ကြီးကြပ်မှုကော်မတီသည် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင် သုံးဦးပါဝင်သော စာရင်းစစ်ကော်မတီ တစ်ရပ် ထားရှိနိုင်သည်။ စာရင်းစစ်ကော်မတီသည် -

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းက ဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြပ်ကြည့်ရှုရမည်။ ထို့ပြင် စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြသင့်သည်ဟုယူဆသည့် ကိစ္စများကို တင်ပြရမည်။
(ခ) စီမံခန့်ခွဲမှုအဖွဲ့က ထင်မြင်ယူဆချက် တောင်းခံလာသည့် ကိစ္စရပ်များအပေါ် မိမိ၏ ထင်မြင်ယူဆချက်ကို ပေးရမည်။

၄၂။ စာရင်းစစ်ကော်မတီသည် သာမန်အားဖြင့် သုံးလလျှင်တစ်ကြိမ် ပုံမှန်အစည်းအဝေးပြုလုပ်ရမည်။ စီမံခန့်ခွဲမှုအဖွဲ့က လိုအပ်သည်ဟု ယူဆလျှင် စာရင်းစစ်ကော်မတီသည် အထူးအစည်းအဝေး ပြုလုပ်ရမည်။

ယင်းပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများတွင် စာရင်းစစ် ကော်မတီဝင်အားလုံး တက်ရောက်ရမည့်ပြင် ဆန္ဒမဲပေးရန်လည်း ပျက်ကွက်ခြင်းမရှိစေရ။ ဆုံးဖြတ်ချက်များကို စာရင်းစစ်ကော်မတီဝင် အများစု၏ ဆန္ဒမဲဖြင့် ချမှတ်ရမည်။

၄၃။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအဖွဲ့သည် ပုဒ်မ ၄၀ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စာရင်းစစ်ကော်မတီအား ကူညီ ဆောင်ရွက်စေရန် ကျွမ်းကျင်သူပုဂ္ဂိုလ်ကို ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုနိုင်သည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၄။ ကြီးကြပ်မှုကော်မတီသည် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်၊ အစု ရှယ်ယာပိုင်ရှင်၊ စီမံခန့်ခွဲသူ၊ မန်နေဂျာနှင့် ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါ စီမံခန့်ခွဲရေး ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည် -

(က) သတိပေးခြင်း၊

(ခ) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ကန့်သတ်ချက်အပါအဝင်ဖြစ်သည့် အမိန့်များချမှတ်ခြင်း၊

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းတွင် တာဝန် ထမ်းဆောင်ခြင်းမှ ယာယီ သို့မဟုတ် အမြဲတမ်းရပ်စဲခြင်း၊

(င) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းခြင်း။

၄၅။ ကြီးကြပ်မှုကော်မတီသည် အသေးစား ငွေရေးကြေးရေး အဖွဲ့ အစည်းကသာ ဆောင်ရွက်ရမည်ဟု ဤဥပဒေတွင် သတ်မှတ်ထားသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ရပ်တည်မှု ရှိသည့် အဖွဲ့အစည်းကိုမဆို ပုဒ်မ ၄၄ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် ချမှတ်ရမည်။

၄၆။ အရေးယူခံရသူသည် ခုခံကာကွယ်ခွင့် အပြည့်အဝ ရရှိစေရမည်။ ထို့ပြင် အရေးယူခံရသူသည် ချမှတ်သောပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အမိန့်စာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီသို့ အယူခံ ခွင့် ရှိစေရမည်။ အယူခံနေစဉ်ကာလအတွင်း ပြစ်ဒဏ်ပေးမှုကို ရပ်ဆိုင်း ထားရမည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၇။ ဤဥပဒေအရချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေး ယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၄၈။ ပုဒ်မ ၄၄ ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အသေးစား ငွေရေး ကြေးရေးအဖွဲ့အစည်းကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်များကိုဖြစ်စေ နစ်နာမှုများ အတွက် ချက်ချင်း ပေးလျော်စေရမည်။

## အခန်း (၁၂)

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၄၉။ ကြီးကြပ်မှုကော်မတီသည် သက်ဆိုင်ရာ အသေးစား ငွေရေး ကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများကိုဆောင်ရွက်ရန် အနည်းဆုံး လိုအပ်ချက်နှင့် မညီညွတ်တော့သည့်အခြေအနေသို့ ရောက်ရှိသောကြောင့် ယင်းအဖွဲ့အစည်းနှင့်ဆက်သွယ်သူများ၏ အပ်ငွေများနှင့် မတည် ရန်ပုံငွေတို့ကို ဆုံးရှုံးစေနိုင်သည့်အခြေအနေ ပေါ်ပေါက်လျှင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် အချိန်ကာလ သတ်မှတ် ပေးနိုင်သည်။ သတ်မှတ်ပေးသည့်အချိန်ကာလအတွင်း ပုံမှန် အခြေ အနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိပါက လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ဖျက်သိမ်းပြီးနောက် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၅၀။ ကြီးကြပ်မှုကော်မတီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အမိန့် မချမှတ်မီ -

(က) ကြီးကြပ်မှုကော်မတီ သို့မဟုတ် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဖွဲ့စည်း ပေးသောအဖွဲ့ဖြင့် စုံစမ်း စစ်ဆေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်ရာ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းအား ခုခံချေပ ခွင့်ပြုရမည်။

၅၁။ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) ပါ သက်ဆိုင်ရာအဖွဲ့က စာရင်း ရှင်းလင်း ဖျက်သိမ်းသင့်ကြောင်း တင်ပြလာလျှင် ကြီးကြပ်မှုကော်မတီသည် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းအား စာရင်း ရှင်းလင်း ဖျက်သိမ်းစေရန် အမိန့်ချမှတ်ရမည်။

၅၂။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းအား စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ကြီးကြပ်မှုကော်မတီသည် -

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်၍ဖြစ်စေ၊ သင့်လျော်သော နိုင်ငံသားများပါဝင်သည့်စာရင်း ရှင်းလင်း ဖျက်သိမ်းရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ဖြစ်စေ ယင်း အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကိစ္စရပ်များကို စာရင်း ရှင်းလင်း ဖျက်သိမ်းခြင်းပြီးစီးသည်အထိ လွှဲပြောင်းရယူ၍ ဆောင်ရွက် စေနိုင်သည်။

(ခ) ယင်းအဖွဲ့အစည်းက ရရန်နှင့် ပေးရန်ရှိသည်များကို စာရင်း ရှင်းလင်း ဆောင်ရွက်ရမည်။

## အခန်း (၁၃)

## တားမြစ်ချက်များ

၅၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်၊ ဝန်ထမ်း နှင့် စာရင်းစစ်များသည် ယင်းတို့၏ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက် ချက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာမှရရှိလာသည့် သတင်းအချက်အလက်များကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော် ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်း မပြုရ။

၅၄။ မည်သူမျှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ အသေးစား ငွေရေး ကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

၅၅။ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ မည်သည့်အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမျှ မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှသိရှိလာသည့် သတင်းအချက်အလက်များကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရ။

## အခန်း (၁၄)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ မည်သည့်အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် စာရင်းစစ်မဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ ငါးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီမှ မည်သည့်အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)

## အထွေထွေ

၅၉။ ကြီးကြပ်မှုကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ပြည်ထောင်စုအစိုးရအဖွဲ့ကလည်းကောင်း၊ လုပ်ငန်း ကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီကလည်းကောင်း သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကိုယ်ပိုင်အမှတ် တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်များ ရှိစေရမည်။

၆၁။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းကထုတ်ပေးသော အသေးစားချေးငွေနှင့် စပ်လျဉ်း၍ ချုပ်ဆိုသည့် စာချုပ်စာတမ်းသည် မှတ်ပုံတင်ခြင်းမှ တင်းလွတ် ခွင့်ရှိသည့်အပြင် တည်ဆဲဥပဒေအရ တံဆိပ်ခေါင်းခွန်ပေးဆောင်ရခြင်း မှလည်း ကင်းလွတ်စေရမည်။

၆၂။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် အခွန်စည်းကြပ်မှု နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆၃။ ပုဒ်မ ၅၆ နှင့် ၅၈ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှု အဖြစ် သတ်မှတ်သည်။

၆၄။ ပုဒ်မ ၅၆၊ ၅၇ နှင့် ၅၈ တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်မှု ကော်မတီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၆၅။ ဤဥပဒေမပြဋ္ဌာန်းမီ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ဤဥပဒေအရ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုပါက ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်။

၆၆။ ဤဥပဒေမပြဋ္ဌာန်းမီ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း များက လုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြီးကြပ်မှု ကော်မတီ၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသောကာလအတွင်း အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ချက်များသည် ပုဒ်မ ၅၄ နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၆၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် -

(က) ဝန်ကြီးဌာနသည် ကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်ပြင် ကုန်ကျစရိတ်များ
ကိုလည်း ကျခံရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့နှင့် နေပြည်တော်ကောင်စီသည် လုပ်ငန်းတော်မတီ၏ ရုံးလုပ်ငန်းများကို ထာဝန်ယူဆောင်ရွက်ရမည့်ပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၆၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သောအမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ သည် လိုအပ်သောအမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

## ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။)

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေဟုခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကိုယ်ပိုင်ကျောင်း** ဆိုသည့်မှာ ပညာရေးအရည်အသွေး မြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနက သတ်မှတ် သော အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ များပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ် များအတွက် သင်ခန်းစာများ ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့် သင်ကြားပေးသော ပုဂ္ဂလိက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာကျောင်းကို ဆိုသည်။

(ခ) **ကိုယ်ပိုင်ကျောင်းဆရာ**ဆိုသည်မှာ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရန် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် ရရှိသူကို ဆိုသည်။

(ဂ) **တည်ထောင်ဖွင့်လှစ်သူ** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်း ထည်ထောင်ဖွင့်လှစ်ရန်ငွေကြေး၊ မြေနေရာ၊ စာသင်ဆောင်၊ ဘော်ဒါဆောင်၊ ပစ္စည်း၊ ပရိဘောဂစသည့် အရင်းအနှီး စိုက်ထုတ်ထားသောပုဂ္ဂိုလ်ကို ဆိုသည်။

(ဃ) **ကိုယ်မိုင်ကျောင်း မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ရရှိသူအား ပညာရေးဝန်ကြီးဌာနထ ကိုယ်ပိုင်ကျောင်းအဖြစ် အသိ အမှတ်ပြု ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(င) **ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်** ဆိုသည် မှာ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် သင်ကြားခွင့်ရရှိသူအား ပညာရေးအရာရှိက ကိုယ်ပိုင်ကျောင်းဆရာအဖြစ် အသိ အမှတ်ပြုထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

[မာတိကာ သို့](#)

(စ) **ဘော်ဒါဆောင်** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်း၏ ကျောင်းသားများနေထိုင်ရန် စီမံထားသော အဆောက်အအုံ ကို ဆိုသည်။

(ဆ) **ထပ်ဆောင်းဘာသာရပ်** ဆိုသည်မှာ သတ်မှတ်ထားသော ကျောင်းသင်ဘာသာရပ်များအပြင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထပ်ဆောင်းသင်ကြားဝေးသော ဘာသာ စကားနှင့် ဘာသာရပ်များကို ဆိုသည်။

(ဇ) **ထပ်ဆောင်းသင်ခန်းစာများ** ဆိုသည်မှာ ကျောင်းသင် ဘာသာရပ်ပါသင်ခန်းစာများအပြင် ထပ်ဆောင်းသင်ကြား သည့် သင်ခန်းစာများ၊ ထပ်ဆောင်းဘာသာရပ်တွင် သင်ကြားသည့် သင်ခန်းစာများကို ဆိုသည်။

(ဈ) **ပညာရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးခြင်းခံရသော သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဋ) **ပညာရေးအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အခြေခံပညာရုံးများနှင့် ကျောင်းများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးအပ်ထား သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးကို ဆိုသည်။

## အခန်း (၂)

## လုပ်ငန်းတာဝန်များ

၃။ ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများနှင့် ပတ်သက်၍ မူဝါဒချမှတ်ခြင်း၊
(ခ) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများအား ကြီးကြပ်ရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်များ နှင့် ပညာရေးအရာရှိများအား လိုအပ်သလို လမ်းညွှန်ခြင်း နှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ကိုယ်ပိုင်ကျောင်းတွင်သင်ကြားမည့် ထပ်ဆောင်း သင်ခန်းစာ များအတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း ထာဝန် ပေးအပ် ခြင်း၊

(ဃ) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် ပြုခြင်း၊ တည်ထောင်ဖွင့်လှစ်ခွင့်ပြုရန် ငြင်းပယ်ခြင်း သို့မဟုတ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ် သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄။ ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ် ခွင့် မပြုမီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံမှ ကျောင်းတည်ထောင် ဖွင့်လှစ်ခွင့်နှင့်စပ်လျဉ်း၍ သဘောထား မှတ်ချက် တောင်းခံရမည်။

၅။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများ၏ လုပ်ငန်း ဆောင်ရွက်မှုများ စနစ်တကျရှိရေးနှင့် စည်းကမ်းတကျ ဖြစ်ရေးအတွက် သက်ဆိုင်ရာ ပညာရေးအရာရှိများအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ စည်းကမ်း ဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်း သို့မဟုတ် သတ်မှတ် ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော ကိုယ်ပိုင်ကျောင်းနှင့် စပ်လျဉ်း၍လည်းကောင်း ပညာရေးအရာရှိ၏ တင်ပြချက် အပေါ် သဘောထားမှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြခြင်း၊

(ဂ) ထပ်ဆောင်း သင်ခန်းစာများအတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဃ) ထပ်ဆောင်း သင်ခန်းစာများကိုစိစစ်၍ သဘောထား မှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊ ပညာရေး ဝန်ကြီးဌာန၏သဘောထားမှတ်ချက်အား ဆက်ထံ အကြောင်းကြားခြင်း၊

(င) ကိုယ်ပိုင်ကျောင်း၏ သင်ကြားမှုနှင့်စပ်လျဉ်း၍ သတ်မှတ် ချက်များနှင့်ညီညွတ်မှု ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊

(စ) ကိုယ်ပိုင်ကျောင်းဆရာနှင့်စပ်လျဉ်း၍ ပညာရေးအရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ပုဒ်မခွဲ (စ) အရ ချမှတ်သော ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဇ) ပညာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ပညာရေးအရာရှိ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အဖွဲ့ဖွဲ့စည်းပြီး တွင်းဆင်း စစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို သဘောထား မှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

(ခ) စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်း သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော ကိုယ်ပိုင် ကျောင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

(ဂ) ထပ်ဆောင်းဘာသာရပ်အတွက် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်တားလာပါက ညွှန်ကြား ရေးမှူးချုပ်ထံတင်ပြ၍ သဘောထားမှတ်ချက်ရယူခြင်း၊

(ဃ) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း နှင့် ထုတ်ပေးရန်ငြင်းပယ်ခြင်း၊

(င) ထပ်ဆောင်းသင်ခန်းစာများအပေါ် သဘောထား မှတ်ချက် ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊ ညွှန်ကြားရေးမှူးချုပ် ၏ သဘောထားမှတ်ချက်အရ သင်ကြားရန် ခွင့်ပြုခြင်း သို့မဟုတ် သင်ကြားခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်းဆရာကို သတိပေးခြင်း၊ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဆ) ကိုယ်ပိုင်ထျောင်း၏ သင်ကြားမှုနှင့်စပ်လျဉ်း၍ သတ်မှတ် ချက်များနှင့် ညီညွတ်မှု ရှိ မရှိ အခါအားလျော်စွာ စစ်ဆေး ခြင်းနှင့် စစ်ဆေးစေခြင်း၊

(ဇ) ပညာရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အခါ အားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၃)

## ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း

၇။ (က) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရာတွင် -

(၁) ပြည်ပနိုင်ငံအကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သော ကျောင်း မဖြစ်စေရ။

(၂) နိုင်ငံခြားအဖွဲ့အစည်းမှ ဦးစီးတည်ထောင်ဖွင့်လှစ်သော သို့မဟုတ် ထိုအဖွဲ့အစည်း၏ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သောကျောင်း မဖြစ်စေရ။

(၃) သာသနာပြုကျောင်း မဖြစ်စေရ။

(ခ) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသော ပုဂ္ဂိုလ်သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည် -

(၁) တစ်ဦးတည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(၂) အဖွဲ့အစည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံသားဖြစ်ခြင်း။

၈။ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် အောက်ပါ လိုအပ်ချက်များနှင့် ပြည့်စုံရမည် -

(က) အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်းကို ဖွင့်လှစ်ရန် စီမံ ထားရှိခြင်း၊

(ခ) ကျောင်းပတ်ဝန်းကျင်၊ ကျောင်းဝင်း၊ ကျောင်းစာသင်ခန်း များသည် ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှု ရှိခြင်း၊

(ဂ) ကျောင်းအဆောက်အအုံသည် ကျောင်းအဖြစ် အသုံးပြုနိုင် သည့် အခြေအနေရှိခြင်း၊

(ဃ) ကျောင်းသားများ၏ အသက်အရွယ်နှင့် ကျောင်းသားဦးရေ အလိုက် ကျောင်းသုံးပရိဘောဂ၊ သင်ကြားမှု အထောက် အကူ ကိရိယာပစ္စည်းများ၊ နေရာထိုင်ခင်းများ၊ ကျောင်း စုဝေးပွဲနှင့် အားကစားပြုလုပ်ရန်နေရာများ သင့်တင့် လုံလောက်စွာရှိခြင်း၊

(င) ထပ်ဆောင်းသင်ခန်းစာများကို ပြည့်စုံမှန်ကန်စွာ ပြုစုတင်ပြခြင်း၊

(စ) ကိုယ်ပိုင်ကျောင်း၏အတန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာဦးရေ လုံလောက်မှု ရှိခြင်း၊

(ဆ) ကိုယ်ပိုင်ကျောင်းတွင် သင်ကြားမည့် ရက်သတ္တပတ် သင်ကြားမှုအစီအစဉ်ကို စနစ်တကျ ရေးဆွဲထားခြင်း၊

(ဇ) ဘော်ဒါဆောင်ထားရှိပါက -

(၁) ဘော်ဒါဆောင် အဆောက်အအုံသည် ဘော်ဒါဆောင် အဖြစ် အသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊

(၂) အမျိုးသားဘော်ဒါဆောင်နှင့် အမျိုးသမီး ဘော်ဒါ ဆောင်များကို သီးခြားစီထားရှိပြီး ဘော်ဒါဆောင်အား လုံခြုံစွာ ကာရံထားရှိခြင်း၊

(၃) ဘော်ဒါဆောင်အလိုက် အဆောင်မှူးထားရှိခြင်း၊

(၄) အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ထားရှိခြင်း၊

(၅) ကျန်းမာရေးနှင့်ညီညွတ်သည့် စားရိပ်သာ စီစဉ်ထား ရှိခြင်း။

၉။ ပုဒ်မ ၇ ပါ အချက်များနှင့် ကိုက်ညီသောပုဂ္ဂိုလ်သည် ပုဒ်မ ၈ ပါ လိုအပ်ချက်များနှင့်ပြည့်စုံသော ကိုယ်ပိုင်ကျောင်း တည်ထောင် ဖွင့်လှစ်လို ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည်။

၁၀။ (က) ပညာရေးအရာရှိသည် ပုဒ်ခ ၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ ပညာရေး အရာရှိ၏တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ပညာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) အရ တင်ပြသော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လျှောက်လွှာများကို စိစစ်ပြီး ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်း တည်ထောင် ဖွင့်လှစ်ခွင့်မပြုမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံမှ ကျောင်းတည်ထောင် ဖွင့်လှစ်ခွင့်နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံရမည်။

(င) ပုဒ်မခွဲ (ဂ) အရ ချမှတ်သော ပညာရေးဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၁။ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) အရ ကိုယ်ပိုင်ကျောင်းတည်ထောင် ဖွင့်လှစ် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး သက်ဆိုင်ရာ လျှောက်ထားသူအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ် ကို စည်းကမ်းချက်များနှင့်အတူ ပညာရေးဝန်ကြီးဌာနက ထုတ်ပေးရမည်။

၁၂။ သက်ဆိုင်ရာ ပညာရေးအရာရှိသည် မှတ်ပုံတင်ခွင့်ရရှိသည့် ကိုယ်ပိုင်ကျောင်း၏ အချက်အလက်များကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်ကို အများပြည်သူတို့အား သင့်လျော်သောအချိန်တွင် ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

၁၃။ တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် လက်မှတ်ကို ထိုကိုယ်ပိုင်ကျောင်းတွင် အများပြည်သူတို့ မြင်သာသည့် နေရာ၌ ချိတ်ဆွဲထားရမည်။

၁၄။ တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းကို ဆက်လက် တည်ထောင်ဖွင့်လှစ်လိုပါက သတ်မှတ်ထားသည့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်။

၁၅။ တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းဆရာ နုတ်ထွက် လျှင် ဖြစ်စေ၊ အသစ်ခန့်ထားလျှင်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပညာရေးအရာရှိထံ အသိပေးတင်ပြရမည်။

၁၆။ မည်သည့် ကိုယ်ပိုင်ကျောင်းမဆို အောက်ပါအချက်များကို လိုက်နာရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးထားဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၈ ပါ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် လိုအပ်သည့် အချက်များကို ပြည့်စုံစွာဆောင်ရွက်ခြင်း၊

(ဂ) ကိုယ်ပိုင်ကျောင်းကို စနစ်တကျစီမံခန့်ခွဲနိုင်သည့် အရည် အချင်းနှင့်ပြည့်စုံသူကိုသာ ကိုယ်ပိုင်ကျောင်း ကြီးကြပ် အုပ်ချုပ်သူအဖြစ် တာဝန်ပေးဆောင်ရွက်စေခြင်း၊

(ဃ) သက်ဆိုင်ရာပညာသင်နှစ်အတွက် သတ်မှတ်ထားသည့် နှစ်စဉ်ကြေးပေးသွင်းပြီးသော ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရှိသူကိုသာ သင်ကြားခွင့်ပြုခြင်း၊

(င) ကျောင်းသားများ၏ စာရိတ္တဗလ၊ ဉာဏဗလ၊ ကာယဗလ စွမ်းရည်များမြင့်မားတိုးတက်စေသည့် ပတ်ဝန်းကျင် အခြေ အနေ သို့မဟုတ် သင်ကြားရေးအခြေအနေ ဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း၊

(စ) ကိုယ်ပိုင်ကျောင်း၌ သင်ကြားပေးသည့် အကြောင်းအရာများ သည် မြန်မာနိုင်ငံသား ကလေးများအတွက် သင့်လျော်မှု ရှိစေရန်နှင့် ကိုယ်ပိုင်ကျောင်းဆရာများ၏ သင်ကြားမှု တိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) ကိုယ်ပိုင်ကျောင်းတွင် ကျောင်းသားများအား နိုင်ငံတော်၏ အကျိုးကို ထိခိုက်သော သို့မဟုတ် နိုင်ငံတော်၏မူဝါဒနှင့် ဆန့်ကျင်သော အကြောင်းအရာများ သင်ကြားမှု၊ လေ့ကျင့်ခန်းပေးမှု သို့မဟုတ် ယင်းသို့ပြုလုပ်ရန် စီစဉ် ဆောင်ရွက်မှုများကို မပြုရခြင်း၊

(ဇ) ကိုယ်ပိုင်ကျောင်းတွင် အတန်းအသီးသီး၏ ဘာသာရပ်များ၌ ဖြစ်စေ၊ ထပ်ဆောင်း သင်ခန်းစာများ၌ဖြစ်စေ သက်ဆိုင်ရာ အတန်းအတွက် သတ်မှတ်သည့် သင်ရိုးမာတိကာထက် လျော့နည်းမှုမရှိစေရန် ဆောင်ရွက်ခြင်း၊

(ဈ) ထပ်ဆောင်း သင်ခန်းစာများအား တိကျစွာ သင်ကြားနိုင်ရန် ကြပ်မတ် ဆောင်ရွက်ခြင်း၊

(ည) ပုဒ်မ ၃၇ အရ တာဝန်ဝတ္တရားဆောင်ရွက်နေသူ တစ်ဦးဦး ကို အလွယ်တကူ ဝင်ရောက်စစ်ဆေးဆောင်ရွက်ခွင့်ပြုခြင်း၊

(ဋ) ကျောင်းသားတစ်ဦးချင်းအလိုက် အရည်အချင်း မှတ်တမ်းချုပ် တစ်ခုစီနှင့် ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်း စာရင်းများကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ ထားရှိခြင်း၊

(ဌ) ကျောင်းသားတစ်ဦးချင်း၏ အသက်၊ မွေးသက္ကရာဇ်ကို ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ညွှန်ကြားချက် များနှင့်အညီ စနစ်တကျစိစစ်ထားရှိခြင်း၊

(ဍ) ကိုယ်ပိုင်ကျောင်း၏ ရသုံးငွေစာရင်းများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထားရှိစေခြင်း၊ ထိုစာရင်း များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများအား အချိန်မရွေး ကြည့်ရှုစစ်ဆေးခွင့်ပြုခြင်း၊

(ဎ) စာမေးပွဲများ မှန်မှန်ကျင်းပ၍ ကျောင်းသားများကို ပညာ အရည်အချင်းအလျောက် အတန်းတင်၊ အတန်းခွဲပေးခြင်းနှင့် ကျောင်းပြောင်း၊ ကျောင်းထွက်လက်မှတ်များ ထုတ်ပေးခြင်း၊

(ဏ) ဘာသာရပ်အလိုက်သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာနှင့် သင်ကြားမှုအထောက်အကူပစ္စည်းများ လုံလောက်စွာ စီမံ ထားရှိသင်ကြားခြင်းနှင့် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ညွှန်ကြားသည့်လုပ်ငန်းများကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်ခြင်း၊

(တ) ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ တည်ထောင် ဖွင့်လှစ်သူပြောင်းလဲခြင်း သို့မဟုတ် ကိုယ်ပိုင်ကျောင်း အမည် ပြောင်းလဲခြင်း၊

(ထ) မိဘအုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိမှသာ ကျောင်းသား ၏ အမည်ကို ပြောင်းလဲခြင်း သို့မဟုတ် ထပ်ဆောင်း အမည် ပေးခြင်း၊

(ဒ) သင့်လျော်သော ကျောင်းဝတ်စုံကို သတ်မှတ်ခြင်း၊ (ယင်းသို့ သတ်မှတ်ရာတွင် အခြားကိုယ်ပိုင်ကျောင်းများနှင့် ကွဲပြား စေရန်အလို့ငှာ ဝတ်စုံအရောင်ကို သတ်မှတ်ပေးနိုင်သည်။)

(ဓ) ဘာသာရေးဆိုင်ရာသင်ခန်းစာများကို သင်ကြားပို့ချခွင့် မပြုခြင်း၊

(န) ကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း။

**အခန်း (၄)**

**ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း**

၁၇။ (က) အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် ကိုယ်ပိုင်ကျောင်းဆရာ အဖြစ် လုပ်ကိုင်လိုပါက ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင် လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည် -

(၁) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ရရှိသူ၊

(၂) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာဒီပလိုမာ သို့မဟုတ် လက်မှတ်ရရှိသူ၊

(၃) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ ရရှိပြီး ပညာရေးဝန်ကြီးဌာနကဖွင့်လှစ်သော ဆရာ အတတ်ပညာ ရက်တိုသင်တန်းဆင်း လက်မှတ်ရရှိသူ။

(ခ) ပုဒ်မခွဲ (က) ပါ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာလက်မှတ် သို့မဟုတ် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်း လက်မှတ် မရရှိစေကာမူ ပြည်တွင်း သို့မဟုတ် ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြေခံပညာကျောင်းတွင် ဆရာအဖြစ်ဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာပြဆရာအဖြစ်ဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာသင်ကြားမှု အတွေ့ အကြုံ အနည်းဆုံး ငါးနှစ်ရှိသူသည် ကိုယ်ပိုင်ကျောင်းဆရာ အဖြစ် လျှောက်ထားခွင့်ရှိသည်။

၁၈။ ပညာရေးအရာရှိသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် လက်မှတ်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၉။ ပညာရေးအရာရှိသည် -

(က) ပုဒ်မ ၁၈ အရ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင် ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာ လျှောက်ထားသူအား ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို စည်းကမ်း ချက်များနှင့်အတူ ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသော ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်တွင် သင်ကြားခွင့်ပြုသည့် ဘာသာရပ် နှင့် အခြေခံပညာအဆင့်ကို ဖော်ပြရမည်။

၂၀။ ကိုယ်ပိုင်ကျောင်းဆရာသည် သက်ဆိုင်ရာပညာသင်နှစ်အတွက် သတ်မှတ်သည့်နှစ်စဉ်ကြေးကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်း၍ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် ဆက်လက်လုပ်ကိုင်နိုင်သည်။

၂၁။ ကိုယ်ပိုင်ကျောင်းဆရာသည် သတ်မှတ်ထားသော စည်းကမ်းချက် များကို လိုက်နာရမည်။

၂၂။ ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းဆရာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော ကိုယ်ပိုင် ကျောင်းဆရာအား သတိပေးခြင်းဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြစ်စေ ပြုနိုင်သည်။

## အခန်း (၅)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၂၃။ ပညာရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၆ ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သော တည်ထောင်ဖွင့်လှစ်သူကို သတိပေးခြင်း သို့မဟုတ် ယင်း၏ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ပညာရေးဝန်ကြီးဌာနသည် -

(က) ကိုယ်ပိုင်ကျောင်းတစ်ကျောင်း၏ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းမပြုမီ မည်သည့် အကြောင်းကြောင့် ထိုကိုယ်ပိုင်ကျောင်း၏ မှတ်ပုံတင် လက်မှတ်ကို မပယ်ဖျက်သင့်ကြောင်း ရက်ပေါင်း ၃၀ အတွင်း ချေပလွှာတင်သွင်းနိုင်ရန် တည်ထောင် ဖွင့်လှစ်သူထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ခ) ကျေနပ်ဖွယ်ရာ အကြောင်းပြချက်ဖြင့် ချေပခြင်းမပြုနိုင်သော တည်ထောင်ဖွင့်လှစ်သူ၏ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် လက်မှတ်ကို ပယ်ဖျက်ရမည်။

၂၅။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၂၆။ ကိုယ်ပိုင်ကျောင်းဆရာနှင့်ပတ်သက်၍ ပညာရေးအရာရှိ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၆ အရ အယူခံမှုတွင် ပညာရေး အရာရှိ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံး အဖြတ်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၆)

## တားမြစ်ချက်များ

၂၈။ မည်သူမျှ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင် ကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၂၉။ မည်သူမျှ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်း မပြုရ။

၃၀။ မည်သူမျှ သင်ကြားရမည့်ဘာသာရပ်နှင့် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို ကိုယ်ပိုင်ကျောင်းများတွင် ဟောပြောခြင်း သို့မဟုတ် ပို့ချခြင်းမပြုရ။

၃၁။ မည်သူမျှ -

(က) ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လျှောက်လွှာတွင် အချက် အလက်များကို မမှန်မကန် ဖော်ပြခြင်း မပြုရ။

(ခ) ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ပါ အချက်အလက် တစ်ခုခုကို ပြင်ဆင်ပြောင်းလဲခြင်း မပြုရ။

(ဂ) ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာခြင်း မပြုရ။

(ဃ) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှထ်ကို အခြားသူအား လွှဲပြောင်းသုံးစွဲခွင့် မပြုရ။

(င) ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပညာသင်နှစ် အတွင်း မိမိသဘောဆန္ဒအလျောက် ကိုယ်ပိုင်ကျောင်းကို အပြီး ပိတ်သိမ်းခြင်း မပြုရ။

၃၂။ မည်သူမျှ-

(က) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လျှောတ်လွှာတွင် အချက် အလက်များကို မမှန်မကန် ဖော်ပြခြင်း မပြုရ။

(ခ) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ပါ အချက် အလက်တစ်ခုခုကို ပြင်ဆင်ပြောင်းလဲခြင်း မပြုရ။

(ဂ) ကိုယ်ပိုင်တျောင်းဆရာမှတ်ပုံတင်လက်မှတ်ကို အခြား သူအား လွှဲပြောင်းသုံးစွဲခွင့် မပြုရ။

**အခန်း (၇)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၃။ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ကျခံစေရမည့်အပြင် ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ် လည်း ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၀ နှင့် ၃၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ကျခံစေရမည့် အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၉ နှင့် ၃၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၈)

## အထွေထွေ

၃၆။ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ လိုအပ်ချက်နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအခြေအနေပေါ် မူတည်ပြီး မူလတန်းသီးသန့်ဖြစ်စေ၊ အလယ်တန်းသီးသန့်ဖြစ်စေ၊ အထက်တန်းသီးသန့်ဖြစ်စေ ပိုင်းခြားဖွင့်လှစ်ခြင်းကို ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနက ခွင့်ပြုနိုင်သည်။

၃၇။ ပညာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ပညာရေး အရာရှိက တာဝန်ပေးအပ်သည့် မြို့နယ်ပညာရေးမှူး အဆင့်ထက် မနိမ့် သူသည် မည်သည့်ထိုယ်ပိုင်ကျောင်းကိုမဆို သွားရောက်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်း၊ ထိုကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်သည့် အကြောင်းအရာ တစ်ခုခုကို စုံစမ်းမေးမြန်းခြင်း သို့မဟုတ် သက်ဆိုင်ရာ စာတမ်း အမှတ် အသားများကို တောင်းယူကြည့်ရှုခြင်းပြုလုပ်နိုင်သည့်ပြင် ထိုသို့ ပြုလုပ်ရန်အလို့ငှာ မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို ဝင်ရောက် နိုင်သည်။

၃၈။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ပညာရေးဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုမိန့်ရယူပြီး သက်ဆိုင်ရာပညာရေးအရာရှိက ပညာရေး ဝန်ကြီးဌာနကိုယ်စား တရားစွဲဆိုရမည်။

၄၀။ ဤဥပဒေအရသော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရသော်လည်းကောင်း သဘောရိုးဖြင့်ပြုသည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့်ကိစ္စအတွက် မည်သူ့ကိုမျှ တရားမ ကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၄၁။ တည်ထောင်ဖွင့်လှစ်သူကလည်းကောင်း၊ ကိုယ်ပိုင်ကျောင်း ဆရာကလည်းကောင်း ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြား အခကြေးငွေတို့သည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်း ဖြစ်သည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာန သည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။)

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄၊ ပုဒ်မခွဲ (ခ) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်း လှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့် အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံသား**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ဖြစ်ပြီးသူတို့ကို ဆိုသည်။

(ခ) **ငြိမ်းချမ်းစွာစုဝေးခြင်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက် ပိုသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။

(ဂ) **ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း** ဆိုသည်မှာ ဤ ဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ လမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက

သတ်မှတ်သည့် စည်းကမ်းများနှင့် အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျ လှည့်လည် ခြင်းကို ဆိုသည်။

(ဃ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရန် ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(င) **ပိုစတာ** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက် တို့ကို စာဖြင့်ရေးသား၍ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြား ထုတ်လွှင့်သည့် နည်းလမ်းဖြင့်ဖြစ်စေ၊ အခြား တစ်နည်းနည်း ဖြင့်ဖြစ်စေဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံ ပြုလုပ်ထား သည့် အရာကို ဆိုသည်။

(စ) **ဆိုင်းဘုတ်** ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ် တံဆိပ် တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦး တစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒ သဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင် ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုသည်။

(ဆ) **လက်နက်** ဆိုရာတွင် လတ်နက်အက်ဥပဒေများနှင့် ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် လက်နက်၊ ကိရိယာ တန်ဆာပလာများ အပြင် သူတစ်ဦးတစ်ယောက်အား ဘေးအန္တရာယ် တစ်စုံ တစ်ရာ ဖြစ်စေနိုင်သောပစ္စည်းလည်း ပါဝင်သည်။

(ဇ) **အလံ** ဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ခြင်းတို့ကို စနစ်တကျ သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများ ပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ် ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတား ဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

**အခန်း (၃)**

**ခွင့်ပြုမိန့်လျှောက်ထားခြင်း**

၄။ မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာ စုဝေးခြင်း နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲ ဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် ခွင့်ပြုမိန့်ရရှိရန် အောက်ပါအချက်များပါဝင်သော လျှောက်လွှာကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့် နေ့ရက် မတိုင်မီ အနည်းဆုံး ငါးရက်ကြိုတင်၍တင်ပြရမည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား၊ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရာ တွင် ဟောပြောလိုသည့် အကြောင်းအရာနှင့် ကြွေးကြော်လို သည့် ကြွေးကြော်သံများ၊

(ခ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုလုပ်လိုသည့် ရည်ရွယ် ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် တို့အတွက် လျှောက်ထားသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ ကိုယ်ရေးအချက်အလက်၊

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းပြုထုပ်မည့် အစီအစဉ်နှင့် ခန့်မှန်း လူဦးရေ၊

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ်အနေ ဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက် မှတ်တမ်း သို့မဟုတ် အထောက်အထား၊

(စ) ခွင့်ပြုမိန့်ရရှိပါက ဤဥပဒေပါ စည်းကမ်းချက်များနှင့် ခွင့်ပြု မိန့်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံချက်။

## အခန်း (၄)

## ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၅။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုမိန့် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံ ရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရ။

၆။ ပုဒ်မ ၅ အရ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာခရိုင် ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ် ရေးမှူးသည် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ဆောလျင်စွာ တင်ပြထားရမည်။

၇။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် -

(က) ခွင့်ပြုမိန့်ထုတ်ပေးလျှင် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်ရန် ခွင့်ပြုမည့် နေ့ရက်နှင့် အချိန်မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ပါက ကျိုးကြောင်း ဖော်ပြ၍ လျှောက်ထားချက်ပါ နေ့ရက်နှင့် အချိန်မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်း ပြန်ကြားရမည်။

၈။ ခွင့်ပြုမိန့်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည့်နေ့ရက်၊ နေရာနှင့်အချိန် အပိုင်းအခြား၊

(ခ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရမည့် နေ့ရက်၊ ဖြတ်သန်းသွားလာရမည့် လမ်းကြောင်းနှင့် အချိန် အပိုင်း အခြား၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်း တို့တွင် ပါဝင်ခွင့်ပြုသည့်ဦးရေ၊

(ဃ) ဟောပြောခွင့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်နှင့် နေရပ်လိပ်စာ၊

(င) ဒေသဆိုင်ရာ လိုအပ်ချက်အရ သတ်မှတ်သော စည်းကမ်း များ။

၉။ ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခံရခြင်းနှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်း အယူခံဝင်ရောက်နိုင်သည် -

(က) ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ကြောင်း အကြောင်းကြား သည့်စာကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး ထံ အယူခံနိုင်သည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့် ဝပ်လျဉ်း ၍ ယင်းအယူခံလွှာ လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် အဆုံးအဖြတ် ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၅)**

## စည်းကမ်းသတ်မှတ်ချက်များ

၁၀။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဝပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ် ပေးထားသည့် နေရာထွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်။

၁၁။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသည့် လမ်းကြောင်းအစနေရာတွင် စတင်စုဝေးပြီး သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆောင်ရွက်ခွင့် ရှိသည်။

၁၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုသူများသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည် -

(က) အများပြည်သူထို အနှောင့်အယှက် အဟန့်အတား ဖြစ်စေ ခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းသော်လည်းကောင်း၊ ယင်းသို့ ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်းသော်လည်းကောင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြု လုပ်ရ။

(ခ) ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်း လှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင် ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက် ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီး ပိတ်ဆို့ခြင်းကို မပြုလုပ်ရ။

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း တို့ပြုရာတွင် မည်သည့် လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်း မပြုရ။

(င) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူသိက္ခာနှင့် ကိုယ်ကျင့်တရားကို ဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ။

(စ) မမှန်ကန်သော သတင်းများ (ကောလာဟလ) များကို ဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရ။

(ဆ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း တို့ပြုရာတွင် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင် ခြင်း၊ ပြသခြင်း ပြုလုပ်နိုင်သည်။

(ဇ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင် အသံချဲ့စက်မှအပ အသံချဲ့စက် အသုံးပြုခြင်း၊ ခွင့်ပြုထား သော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်း မပြုလုပ်ရ။

(ဈ) တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်။

(ည) လိုအပ်ချက်အရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့် နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဃ) ခွင့်ပြုမိန့် ရုပ်သိမ်းခြင်းခံရပါက ဆက်လက် ဆောင်ရွက်ခြင်း မပြုဘဲ လူစုခွဲရမည်။

## အခန်း (၆)

## အရေးယူဆောင်ရွက်ခြင်း

၁၃။ ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန် လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ် အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးက လိုအပ်သော ကာကွယ် စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

၁၄။ ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်း တို့ကို ပြုလုပ်သည့်နေရာတွင် ဤဥပဒေပါ စည်းကမ်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာ ခြင်း မရှိကြောင်း တွေ့ရှိရပါက ဦးဆောင်သည့် ပုဂ္ဂိုလ်အား သတိပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတိပေးသည်ကို လိုက်နာဆောင်ရွက် ခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်း တင်ပြရမည်။

၁၅။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို ရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြ ခွင့်ပြုချက်ရယူပြီး ငြိမ်းချမ်းစွာစုဝေးခြင်း ခွင့်ပြုမိန့်ကို သော်လည်းကောင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ခွင့်ပြုမိန့်ကို သော်လည်းကောင်း ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းကြောင်းကို တာဝန်ရှိသူက နှုတ်ဖြင့် ကြေညာပြီးနောက် ၂၄ နာရီအတွင်း စာဖြင့် အကြောင်းကြားရမည်။

၁၆။ ခွင့်ပြုမိန့်ကို ရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ဆက်လက် စည်းကမ်းဖောက်ဖျက်ခြင်းများရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

## အခန်း (၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၇။ မည်သူမဆို ခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊

လက်ရောက်မှုကျူးလွန် ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်း ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ (င) အရ သတ်မှတ်သော စည်းကမ်း တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့ပါ စည်းကမ်း တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၈)

## အထွေထွေ

၂၀။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၁။ မည်သူမဆို ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဖောက်ဖျက်လျှင် သော်လည်းကောင်း၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်း ထားသည့် ဥပဒေများကို ဆန့်ကျင် ကျူးလွန်လျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများ ကျူးလွန်လျှင် သော်လည်းကောင်း ယင်းဖောက်ဖျက်ကျူးလွန်မှုများကို ယင်းတို့နှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်ရမည်။

၂၂။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်း မိမိ၏ ယုံကြည်ချက်၊ ထင်မြင် ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာ လှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းစသည့် အခွင့်အရေး များကို သုံးစွဲဆောင်ရွက်ရာ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ခွင့်ပြုချက်ရရှိသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် စီတန်းခြင်း မပြုလုပ်လိုပါက ၂၄ နာရီအတွင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်တင်ပြရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့